


# ရှာမှီးခြင်းကို ပြောင်းလိုက်ပါ

## နှစ်ဆန်းတစ်ရက်နေ့

ဟောကြားသည့်နေ့
၁၇ – ၄ – ၆၂

၂၆၄

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၂၂) မှ ထုတ်နုတ်ပုံနှိပ်ပါသည်။

0234

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူသောတရားတော်

# ရှာမှီးခြင်းကိုပြောင်းလိုက်ပါ

ဟောကြားသည့်နေ့
(၁၇–၄–၆၂)

THITSARPARAMI LIBRARY
Date ..........................

စာမူခွင့်ပြုချက်အမှတ် - ၃၄/၁၉၉၀ (၇)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၄/၁၉၉၀ (၇)

ထုတ်ဝေသူ ဦးအောင်ချို ( မြ-၁၈၃၁ )
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

ပုံနှိပ်သူ ဒေါ်နုနုဝင်း ( မြ-၀၆၆၅၆ )
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူသော တရားတော်

# ရှာမှီးခြင်းကိုပြောင်းလိုက်ပါ

(နှစ်ဆန်းတစ်ရက်နေ့)

(၁၇-၄-၆၂)

ယခုတရားနာနေကြတဲ့ ဒကာ,ဒကာမတွေမှာ ဇာတိဆိုတဲ့ ပဋိသန္ဓေနေခဲ့ကြပြီဆိုရင် မောင်နိုင်မလွဲပါဘူး...(မလွဲပါဘုရား)၊ ပဋိသန္ဓေနေပြီးကြပြီနော်... (မှန်ပါ့)။

## အခုဘယ်အခြေအနေရောက်နေပြီလဲ

ယခု ဘယ်အခြေအနေရောက်နေသလဲ...လို့ မေးလို့ရှိရင်ဖြင့် ဇရာဆိုတဲ့ အိုမှုထဲ ကြီးရင့်တဲ့ဘက် ရောက်လာပြီဆိုရင်လည်း မလွဲဘူး...(မလွဲပါဘူးဘုရား)။

နောက်ကျတော့ ဒီဒကာ,ဒကာမတွေ ဘာနဲ့တွေ့ကြ၊ ဆုံကြ၊ ကြုံကြမှာလဲလို့ မေးတော့ ဗျာဓိဆိုတဲ့ အနာနှိပ်စက်တာနဲ့ တွေ့ရမယ်. . . (မှန်ပါ့)။

နောက်ကျတော့ ဒီဒကာ,ဒကာမတွေ ဗျာဓိကကျော်သွားတဲ့အခါကျတော့ သေမှုဆိုတဲ့ မရဏနဲ့တွေ့ရမယ်. . . (မှန်ပါ့)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ,ဒကာမတွေမှာ ဇာတိက လာတယ်၊ ယခု ဇရာရောက်နေတယ်၊ အိုမှုရောက်နေပြီ. . . (မှန်ပါ့)၊ အိုမှုကနေပြီးသကာလ ဒကာ,ဒကာမတွေ ဘယ်သွားကြမှာတုံး. . . (ဗျာဓိဆီပါ)၊ ဗျာဓိဆိုတဲ့အနာနှိပ်စက်တဲ့ဆီ သွားကြမယ်. . . သဘောကျပလား. . . (ကျပါပြီဘုရား)။

ဘယ်သွားကြမလို့လဲ. . . (ဗျာဓိဆီ သွားမလို့ပါဘုရား)၊ မန္တလေးရေတံခွန်သွားမလို့ မဟုတ်ပါဘူး၊ ခန္ဓာက နာတဲ့ဆီသွားနေတယ်လို့ မှတ်ရမယ်. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

## ဒါဟာ ခန္ဓာ့လမ်းစဉ်

အဲဒီနာပြီးတဲ့အခါကျလို့ရှိရင် သူ့ရပ်ဆိုင်းဦးမှာလားတဲ့၊ ဘယ်ကိုဆက်လက်ပြီးသွားမှာလဲ. . . လို့ အမေး

ထုတ်လို့ရှိရင် သေမှုဆီသွားမယ်. . . (မှန်ပါ့ဘုရား)၊ ဒါ ဟာ ခန္ဓာ့လာမ်းစဉ်ပဲ. . . (မှန်ပါ့)။

ဒကာ,ဒကာမတို့ ဘယ်သူ့လမ်းစဉ်လည်း. . . (ခန္ဓာ့လမ်းစဉ်ပါဘုရား)။

ဒါဖြင့် ဒီဒကာ,ဒကာမတွေဟာ ဇာတိလည်း ကိုယ်ပိုင်ရခဲ့ပြီးသား၊ ဇရာကလည်း ကိုယ့်ပစ္စည်းအဖြစ်နဲ့ ဦးဘရှင်းရှိပြီးသား. . . (မှန်ပါ့)၊ ဗျာဓိကလည်း ရှေ့ကို တွေ့ဦးမှာပဲ. . . (မှန်ပါ့)၊ အနာနှိပ်စက်တာလေ. . . (မှန် လှပါ)၊ မရဏာဆိုတဲ့ မြို့ပြင်ထုတ်တဲ့ အလုပ်ကလည်း တွေ့ရဦးမှာလားမေးရင် ဘယ့်နှယ်ဖြေကြမလဲ. . . (တွေ့ရ ဦးမှာပါဘုရား)။

ဒါဖြင့် ဒီဒကာ,ဒကာမတွေမှာ ဒီလေးမျိုးဟာဖြင့် ကိုယ်တွေ့,တွေ့ပြီးသားရယ်၊ တွေ့ဆဲရယ်၊တွေ့လတ္တံ့ . ရယ် မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)၊ တွေ့ ပြီးသားက ဇာတိ. . . (မှန်ပါ့)၊ တွေ့ဆဲက ဇရာ၊ တွေ့ လတ္တံ့က ဗျာဓိရယ်၊ မရဏာရယ်. . . (မှန်ပါ့)၊ ဘယ်နှမျိုး ပါလိမ့်. . . (လေးမျိုးပါဘုရား)။

တွေ့ပြီးသားက ဘာပါလိမ့်. . . (ဇာတိပါဘုရား)၊ တွေ့ဆဲက. . . (ဇရာပါ)၊ ဇရာပဲ အခုအိုနေပြီ. . . (မှန်ပါ့)၊ ဒကာ,ဒကာမတွေ တွေ့လတ္တံ့က ဘာပါလိမ့်. . . (ဗျာဓိ၊

မရဏာပါဘုရား)၊ ဗျာဓိနဲ့မရဏ၊ ဗျာဓိဆိုတာက အနာ နှိပ်စက်တာ၊ နောက်သေရမယ်. . . (မှန်ပါ့)။

## တွေ့ပြီးသား၊ တွေ့ဆဲ၊ တွေ့လတ္တံ့

ဒါဖြင့် ဒီလေးခုဟာ တွေ့ပြီးသား၊ တွေ့ဆဲ၊ တွေ့လတ္တံ့၊ လေးခုမရှိဘူးလား. . . (ရှိပါတယ်ဘုရား)။

ဒါဖြင့် ကိုယ်ပိုင်ပစ္စည်း ဘယ်နှခု ရှိကြသတုံး မေးရင် ဘယ့်နှယ်ဖြေပါ့မလဲ. . . (လေးခုပါဘုရား)၊ ကိုယ်ပိုင် ပစ္စည်း လေးခုရှိကြတယ်. . . (မှန်ပါ့)။

လေးခုရှိတော့ ဘုန်းကြီးက ရှင်းပြမယ်၊ လေးခုရှိ တော့ ဘုန်းကြီးက ရှင်းပြပါမယ် ဒကာ,ဒကာမတို့၊ ဇာတိ, ဒုက္ခ,သစ္စာ. . . (မှန်ပါ့)၊ ဇရာဟာ ဘာသစ္စာ. . . (ဒုက္ခသစ္စာ ပါဘုရား)၊ တွေ့လတ္တံ့ ဗျာဓိကကော. . . (ဒုက္ခသစ္စာပါ)၊ နောက်ဆက်ပြီး တွေ့လတ္တံ့ မရဏာသေမှုကကော. . . (ဒုက္ခ သစ္စာပါဘုရား)။

ဩော်. . . ဒုက္ခသစ္စာလေးချက်တွေ့ပြီ၊ တွေ့ဆဲ၊ တွေ့ လတ္တံ့ဆိုတော့ ဒီလေးခုဟာဖြင့် တွေ့ပြီးတာလည်း မိမိနဲ့ပဲ၊ တွေ့ဆဲလည်း မိမိနဲ့ တွေ့နေတာပဲ၊ တွေ့လတ္တံ့တွေကိုလည်း မိမိရှောင်ကွင်းလို့မလွတ်ဘူး. . . (မှန်ပါ့)၊ ဆိုနိုင်ကြရဲ့ လား. . . (ဆိုနိုင်ပါတယ်)၊ ဦးအောင်ဖုံဝေ မဆိုနိုင်ဘူးလား

. . . (ဆိုနိုင်ပါတယ်ဘုရား)၊ သေသေချာချာ မှတ်ပါလို့ သတိပေးလိုက်ပါတယ်. . . (မှန်ပါ့ဘုရား)။

## ဒုက္ခသစ္စာတွေ

အဲဒီ တွေ့ဆဲ၊ တွေ့ပြီး၊ တွေ့လတ္တံ့တွေဟာ သစ္စာချည်းပဲ . . . (မှန်ပါ့)၊ သစ္စာဖွဲ့လိုက်တော့ ဘာသစ္စာတွေ ဖြစ်သွားသတုံး. . . (ဒုက္ခသစ္စာတွေပါဘုရား)၊ ဦးညိုကြီး ဘာသစ္စာ ဖြစ်သတုံး. . . (ဒုက္ခသစ္စာပါ-ဘုရား)၊ ဒုက္ခသစ္စာတွေချည်း ဖြစ်နေတယ်. . . (မှန်ပါ့)။

ဒုက္ခသစ္စာက နောက်တွေ့ဖို့ ကောင်းသလား၊ ရှောင်ဖို့ကောင်းသလား၊ ဒကာ,ဒကာမတွေ မေးလိုက်ပါတယ်နော်. . . (ရှောင်ဖို့ကောင်းပါတယ်ဘုရား)။

ဩော်. . . ရှောင်ဖို့ကောင်းတယ်၊ နောင်ကို ဒီဒုက္ခလေးချက်ကိုဖြင့်ကွာ. . . ရှောင်ရမှာပဲဆိုတာ စိတ်ထဲ မွေးကြတာပေါ့. . . (မှန်ပါ့)။

သို့သော်လည်းတဲ့ ဘုန်းကြီးတို့ ဒကာ,ဒကာမတွေမှာ ရှောင်ရမှာပဲဆိုတဲ့ဥစ္စာကလည်း ဇာတိ,ဒုက္ခ သစ္စာ။ ဇရာဒုက္ခသစ္စာ၊ ဗျာဓိဒုက္ခသစ္စာ၊ မရဏဒုက္ခသစ္စာလို့သိတဲ့ ပုဂ္ဂိုလ်မှ ရှောင်မှာပဲဘုရားဆိုတဲ့ အသံကလေး ထွက်နိုင်တယ်. . . (မှန်ပါ့)၊ ဦးအောင်ဖေ နို့မဟုတ်ရင် ထွက်နိုင်ပါ့

မလား. . . (မထွက်နိုင်ပါဘုရား)၊ သစ္စာသိမှနော်. . . (မှန်ပါ့)၊ သစ္စာသိမှ ရှောင်ရမှာပဲဆိုတဲ့စကားကလေး သုံးနိုင်ပါတယ် . . . (မှန်ပါ့)၊ သစ္စာမသိရင်. . . (မသုံးနိုင်ပါဘုရား)၊ မသုံးနိုင်ဘူးဆိုတာ သဘောကျပလား. . . (ကျပါပြီဘုရား)။

အခုတော့. . . ဘုန်းကြီးတို့ ဒကာ,ဒကာမတွေမှာ ဇာတိရှိလျက်နဲ့ ဇာတိတွေ့ပြီးသား ဖြစ်ပါလျက်နဲ့ ဇာတိရှာကြတယ်။

ဇာတိတွေ့ပြီးသား ဖြစ်ပါလျက်သားနဲ့ ဘာတဲ့. . . (ဇာတိရှာကြပါတယ်ဘုရား)၊ ဇရာတွေ့ဆဲဖြစ်ပါလျက်သားနဲ့ ဘာရှာသတုံး. . . (ဇရာရှာပါတယ်ဘုရား)၊ ဗျာဓိ၊ မရဏာတွေ့လတ္တံ့ဖြစ်ပါလျက်သားနဲ့ ဘာရှာကြသတုံး. . . (ဗျာဓိ၊ မရဏာရှာပါတယ်ဘုရား)၊ မိုက်ချက်သန်လိုက်တာလို့ ဆိုလိုက်ပါတယ်. . . (မှန်ပါ့)။

ဘယ်နှယ့်ဆိုကြပါ့မယ်. . . (မိုက်ချက်သန်ပါတယ်ဘုရား)၊ ဦးညိုကြီး ဘယ့်နှယ်ဆိုမတုံး မိုက်ချက်သန်တယ် . . . (မှန်ပါ့ဘုရား)၊ နောက်က ဒကာ,ဒကာမတွေ ဘယ်လိုဆိုကြပါ့မလဲ. . . (မိုက်ချက်သန်ပါတယ်ဘုရား)။

ဇာတိ ကိုယ်တိုင်တွေ့ပြီးသား ဖြစ်ပါလျက်သားနဲ့ ဇာတိရှာတယ်. . . (မှန်ပါ့)၊ ဇရာဆိုတာ အခုကိုယ်တိုင် တွေ့နေရတယ် (မှန်ပါ့)။

## ပျို့ရှပ်တွေမရှိတော့ဘူး

ကျုပ် အိုလာပြီ. . . မသွားနိုင် မလာနိုင်တော့ဘူး၊ ဇရာကိုယ်တိုင် တွေ့ပြီးသကာလ အရုပ်အဆင်းတွေ ပျက်ကုန်ပါပြီ၊ ပျို့ရှပ်တွေမရှိပါဘူး၊ အိုရုပ်တွေနဲ့နေရပါတယ်ဆိုတာ ကိုယ်တိုင် တွေ့နေလျက်သားနဲ့ နောက်ဇရာကို ရှာမယ်ဆိုရင်ဖြင့် ဘုန်းကြီးပြောတာ မမှားပါဘူး. . . (မမှားပါဘုရား)၊ နောက်ရှာတဲ့ပုဂ္ဂိုလ် မိုက်ချက်သန်တယ်လို့ ဆိုလိုက်ပါတယ်. . . (မှန်ပါ့)၊ ငြင်းဖို့ရာရှိသေးရဲ့လား. . . (မရှိပါဘုရား)။

ဗျာဓိ၊ မရဏာတွေဟာ တွေ့လတ္တံ့မှ ဟုတ်ပါရဲ့လား၊ ဒီဘဝမှာ. . . (တွေ့လတ္တံ့ပါဘုရား)၊ အနာနှိပ်စက်တဲ့ကိစ္စ၊ သေရမည့်ကိစ္စဟာ ဦးအောင်ဖံဝေ ဟုတ်မဟုတ်. . . (ဟုတ်ပါတယ်ဘုရား)။

## မိုက်ချက်သန်တယ်

အဲဒီတော့ တွေ့လတ္တံ့ ဖြစ်ပါလျက်သားနဲ့ အခုဟာတောင် တွေ့လတ္တံ့ မကျော်လွှားနိုင်သေးဘဲနဲ့ နောက်တစ်ဖန်အသစ်ရှာဦးမယ်ဆိုရင် မိုက်ချက်သန်တယ်. . . (မှန်ပါ့)၊ မဆိုထိုက်ဘူးလား. . . (ဆိုထိုက်ပါတယ်ဘုရား)။

ကြပ်ကြပ်စဉ်းစားပါ၊ ကြပ်ကြပ်စဉ်းစားပါ။ ဘုန်းကြီးတို့ ဒကာ,ဒကာမတွေကို နားလည်အောင် ပြောနေတယ်

. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ရှာမှီးခြင်းလွဲနေပြီ. . . (မှန်ပါ့)၊ နောက်ထပ် ရှာတဲ့ပုဂ္ဂိုလ်ဟာ ရှာမှီးခြင်းလွဲကုန်ပြီ ဦးဘရှင်းရေ. . . (မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမလဲ. . . (ရှာမှီးခြင်းလွဲပါတယ်)၊ ရှာမှီးခြင်းလွဲကုန်ပြီလို့ပဲ ဆိုရပါလိမ့်မယ်. . . (မှန်ပါ့ဘုရား)။

ဘယ်လိုဆိုကြမလဲ. . . (ရှာမှီးခြင်းလွဲကုန်ပါပြီဘုရား)၊ ရှာမှီးခြင်းလွဲကုန်ပါပြီ။

တပည့်တော်တို့ ဘယ်ရှာရမတုံးဘုရား၊ ဟာ. . . ရှာတာပေါ့ကွာ၊ မင်းတို့သည်ကားလို့ဆိုရင် အကြမ်းကို အရင်ပြောပြပါ့မယ်၊ အနုနောက်မှပြောမယ်နော်. . . (မှန်ပါ့)၊ ဘာတုံးဆိုတော့ အချို့ လှူဒါန်းပေးကမ်းပြီးတော့ လူဖြစ်ရပါလို၏၊ နတ်ဖြစ်ရပါလို၏. . . (မှန်ပါ့ဘုရား)။

## ဇာတိရှိလျက်နဲ့ ဇာတိရှာတယ်

လှူဒါန်းပေးကမ်းပြီး လူချမ်းသာ၊ နတ်ချမ်းသာ ဖြစ်ရပါလို၏ဆိုတဲ့ ဒကာ,ဒကာမတွေဟာ ဇာတိရှိလျက်နဲ့ ဇာတိရှာတာ. . . (မှန်ပါ့)၊ ဇရာရှိလျက်နဲ့. . . (ဇရာရှာပါတယ်)၊ ဗျာဓိမရဏာရှိလျက်နဲ့. . . (ဗျာဓိမရဏာ ရှာပါတယ်ဘုရား)။

ကဲ. . . မောင်နိုင်တို့ပဲ မောင်ထွန်းအောင်တို့ပဲ၊ ဦးအောင်ဖံဝေတို့ပဲ ဆုံးဖြတ်ချက်ချပါတော့ လွဲမလွဲ. . .

(လွှဲပါတယ်)၊ မလွှဲဘူးလား၊ လွှဲသလား ရှာတာ. . .(လွှဲပါတယ်ဘုရား)။

လွှဲနေပြီဆိုတာ သတိထားပါ (မှန်ပါ့) မောင်နိုင်သဘောကျပလား. . .(ကျပါပြီ)၊ ဦးအောင်ဖေ နောက်ထပ်ရှာရင်. . .(လွှဲပါတယ်)၊ လွှဲတယ်ဆိုတာ သေချာပလား. . .(သေချာပါပြီဘုရား)။

ဤဘဝစုတေမနေ သေလွန်ရလို့ရှိရင် လှူမှု၊ တန်းမှု၊ ပေးမှု၊ ကမ်းမှုကြောင့် နောင်ဘဝ လူချမ်းသာ နတ်ချမ်းသာဖြစ်ရပါလို၏ဆိုရင်ဖြင့် ဇာတိရှာ၊ ဇရာရှာ၊ ဗျာဓိရှာ၊ မရဏရှာတာပဲ. . .(မှန်ပါ့ဘုရား)၊ ရှာမှီးခြင်းလွှဲကုန်ပြီ. . .(လွှဲပါတယ်ဘုရား)။

ဦးအောင်ဖေ ဘယ့်နှယ်တုံး သဘောကျရဲ့လား. . .(ကျပါတယ်ဘုရား)၊ ရှာမှီးခြင်းလွှဲသလား. . .မှန်သလား. . .(လွှဲပါတယ်ဘုရား)၊ သေသေချာချာမှတ်ပါ. . .(မှန်ပါ့)၊ ဒကာကြီးလှိုင် ဘယ်နှယ့်တုံး လွှဲသလား. . .(လွှဲပါတယ်ဘုရား)။

ဒါက ဘယ်ပုဂ္ဂိုလ်တွေတုံးလို့ မေးတဲ့အခါကျတော့ဘုန်းကြီးက နာအောင်ပြောတယ်လို့ မောင်နိုင်က မထင်နဲ့နော်. . .(မှန်ပါ့)၊ စုံလုံးကန်း လမ်းသွားနေတာ. . .(မှန်ပါ့)၊ စုံလုံးကန်း လမ်းသွားနေတာကွလို့ နာမည်ပေးလိုက်တယ်

. . . (မှန်ပါ့)။

ဒီဘ၀မှာလည်း ဇာတိ၊ ဇရာ၊ မရဏ၊ ဒုက္ခ သစ္စာကို သူမမြင်ဘူး. . . (မှန်ပါ့)၊ နောင်လာမည့် ဇာတိ၊ ဇရာ၊ မရဏ ကိုလည်း ဒုက္ခသစ္စာလို့ သူမြင်သေးရဲ့လား. . . (မမြင်ပါ ဘုရား)။

## စုံလုံးကန်း ဖြစ်သွားတယ်

ဒါဖြင့် ဒီဘ၀ မမြင်တာက တစ်ဖက်ကန်း၊ နောက် လှမ်းမမြင်တာက. . . (တစ်ဖက်ကန်းပါ)၊ တစ်ဖက်ကန်း ပေါင်း လိုက်တော့ နှစ်ဖက်ကန်းဖြစ်သွားတယ်. . . (မှန်ပါ့)၊ စုံလုံးကန်း ဖြစ်သွားတယ်. . . (မှန်ပါ့ဘုရား)။

ဦးဘရှင်း ဘယ့်နှယ်ထင်သတုံး. . . (စုံလုံးကန်းပါ ဘုရား)၊ တကယ်ကြောက်စရာကောင်းပါကလား. . . (ကောင်းပါတယ်)၊ ဒကာကြီးလှိုင် ဘယ့်နှယ်တုံး. . . (အင် မတန်ကြောက်စရာကောင်းပါတယ်)၊ အားလုံး ဒကာ,ဒကာမ တွေ (အင်မတန်ကြောက်စရာကောင်းပါတယ် ဘုရား)။

ခင်ဗျားတို့ သစ္စာမသိတဲ့ ပုဂ္ဂိုလ်ဟူသရွေ့မှာဖြင့် အခုဘုရားရှေ့မှာ ပန်းတွေလှူ၊ ဆွမ်းတော်ပွဲတွေကပ်ပြီး ဒီဘ၀က စုတေမနေ သေလွန်ရသည်ရှိသော် ဤဆွမ်း၊ ဤကွမ်းကို လှူဒါန်းပေးကမ်းရတဲ့အကြောင်းကြောင့် နိဗ္ဗာန်

မရမီစပ်ကြား လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ ဖြစ်ရပါလို၏ဆိုတော့ ခုနက ဒုက္ခသစ္စာလေးချက် တောင်းယူလိုက်တယ်. . . (မှန်ပါ့)။

ဘာတောင်းယူလိုက်သတုံး. . . (ဒုက္ခသစ္စာလေးချက် တောင်းယူပါတယ်ဘုရား)။

ဒကာကြီးလှိုင်လွဲကုန်ပြီဗျ. . . (မှန်ပါ့လွဲပါတယ်)၊ ဦးဘရှင်း. . . (လွဲပါတယ်ဘုရား)၊ ဘုန်းကြီးက ဆောင်ပေးနေသလား၊ သူ့ကိုက လွဲနေတာလား. . . (သူ့ကိုက လွဲနေတာပါဘုရား)။

ဦးညိုကြီး မသိတော့ ခင်ဗျားတို့ရှေ့တင် တောင်းနေတဲ့ ပုဂ္ဂိုလ်တွေ တစ်ပုံကြီးမြင်ရမယ်. . . (မှန်ပါ့)၊ ခင်ဗျားတို့ ကိုယ်တိုင်မှောက်မှားခဲ့တာကော. . . (ရှိပါတယ်ဘုရား)။

ရှိတယ်ဆိုရင် လွဲပါ့မလား. . . (မလွဲပါ)၊ နောက်က ဒကာ,ဒကာမတွေ သဘောပါပလား. . . (ပါ,ပါပြီဘုရား)။

## နောက်ဘဝလူချမ်းသာ ဖြစ်ရပါလို၏

ဒါဖြင့် ဇာတိရှိလျက်နဲ့ ဘာရှာတာတုံး. . . (ဇာတိရှာပါတယ်)၊ အံမာ, ဘုရားရှေ့သွားရှာတယ်. . . (မှန်ပါ့)၊ ဘုရားကို တိုင်တည်ပြီးတော့ အရှင်ဘုရား နောက်ဘဝ လူချမ်းသာဖြစ်ရပါလို၏။

ဘုရားရှေ့မှာ ဆွမ်းတော်ပွဲနဲ့၊ ဖယောင်းတိုင်မီးနဲ့ နောက်ဘဝဇာတိကို ပေးသနားတော်မူပါဘုရား၊ ဒုက္ခသစ္စာ. . . (မှန်ပါ့)။

ဇရာ ပေးသနားတော်မူပါဘုရား၊ ဗျာဓိအနာနှိပ်စက်တာကြီး ပေးသနားတော်မူပါ၊ မရဏာသေမှုကြီး တစ်ခုကိုလည်း နောက်ထပ်ပေးသနားတော်မူပါဦး. . . (မှန်ပါ့ဘုရား)။

ဒါတောင် ပြည့်မှပြည့်ပါ့မလားလို့ ခင်ဗျားတို့က သံသယများရှိနေသေးတယ်၊ တောင်းတော့ တောင်းတာပဲ ပြည့်မှပြည့်ပါ့မလား၊ ပြည့်ပါတယ် ဒါတွေက မပြည့်မရှိပါဘူး. . . (မှန်ပါ့ဘုရား)။

## ရှာမှီးခြင်းသိပ်လွဲနေပြီ

ဘယ့်နှယ်တုံး ဦးအောင်ဖံဝေ သိပ်မလွဲသေးဘူးလား . . . (လွဲပါတယ်)၊ ဒါဖြင့် ရှာမှီးခြင်း ဘယ့်နှယ်နေသတုံး မောင်နိုင်ရ. . . (မှားပါတယ်)၊ နောက်က ဒကာ,ဒကာမတွေ . . . (ရှာမှီးခြင်းလွဲပါတယ်)၊ ရှင်းပလား. . . (ရှင်းပါပြီ)၊ ရှာမှီးခြင်း သိပ်လွဲနေပြီ. . . (မှန်ပါ့ဘုရား)။

အဲဒီတော့ကိုတဲ့၊ ခင်ဗျားတို့ နောက်ကဒီလိုချည်း ရှာလာတော့ ဒီအတိုင်းချည်းပဲ ရှာမှီးခြင်းလွဲတော့ ဒီဇာတိ၊

ဇရာ၊ ဗျာဓိ၊ မရဏ နောက်တစ်ခါလာပြန်တော့ကော. . . (ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏပါဘုရား)၊ နောက်တစ်ခါ လာပြန်တော့ကော. . . (ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ)၊ အံမာလေး. . . ဒကာ,ဒကာမတို့ မီးခိုးမဆုံး၊ မိုးမဆုံးဖြစ်နေတယ် . . . (မှန်ပါ့ဘုရား)။

## မီးခိုးမဆုံး၊ မိုးမဆုံး

မောင်ထွန်းအောင် ဘယ့်နှယ်ဆိုမတုံး . . . (မီးခိုး မဆုံး၊ မိုးမဆုံးပါဘုရား)၊ မောင်သိန်း. . . (မီးခိုး မဆုံး၊ မိုးမဆုံးပါဘုရား)၊ သေချာပလား. . . (သေချာပါပြီ)၊ အားကြီးလွဲကုန်ပြီ. . . (လွဲပါတယ်)၊ အားကြီးလွဲကုန်ပြီ။

အဲဒါက ခင်ဗျားတို့ နားလည်မှုကို ပြော်. . . မရှာမှီးတတ်လို့ ဖြစ်ရရှာတယ်၊ ရှာမှီးခြင်းကို သင်ဦးမှပါ. . . (မှန်ပါ့)၊ အခုတရားက မရှာမှီးကောင်းတာတွေကို အရင်ပြနေတယ်လို့ မှတ်ရမယ်. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီလိုရှာနေတဲ့ ပုဂ္ဂိုလ်တွေလည်း ဦးညို ဘယ်လောက်များ၊ များသတုံးလို့မေးရင် တယ့်နှယ်ဖြေမတုံး. . . (မရေတွက်နိုင်အောင် ပေါများပါတယ်)၊ ဦးဘရှင်း သွားပြီ ဒီလူတွေ. . . (မှန်ပါ့)၊ ဒီလူတွေသွားပြီ. . . (မှန်ပါ့ဘုရား)။

## ဒုက္ခတွေလာပါစေတော့

ဒီလူတွေဟာ ဒကာ,ဒကာမတို့ ခင်ဗျားတို့ကဖြင့် သြော်. . . သူတို့မှာ ကုသိုလ်ကြီးလိုက်တာ လှူဒါန်းပေးကမ်း ပြီးသကာလ ဆုမျိုးစုံတွေများတောင်းပြီး နေလိုက်ကြတာ ဝမ်းမြောက်စရာလို့ဆိုမလား၊ ဒုက္ခတွေလာပါစေတော့လို့ ဆိုမလား. . . (ဒုက္ခတွေလာပါစေတော့လို့ ဆိုရမှာပါဘုရား)။

အင်း. . . သိပ်လွဲကုန်ပါပေါ့လား. . . (မှန်ပါ့)၊ ဒကာ ကြီးလှိုင် သိပ်လွဲကုန်ပြီ. . . (မှန်ပါ့)၊ ဦးဘရှင်း စဉ်းစားကြည့် စမ်းပါ. . . (လွဲပါတယ်)၊ ကိုပေါ်တို့ကော. . . (လွဲပါတယ်)၊ ဦးအောင်ဖေ သိပ်လွဲသွားပြန်ပြီ. . . (လွဲပါတယ်ဘုရား)။

နောက် ဒကာ,ဒကာမတွေ ကိုယ့်အကြောင်း ကိုယ် သိကြပလား. . . (သိပါပြီ)၊ ဒီလိုများ နောက်ကလုပ်ခဲ့ကြ သလားလို့ ဒီဘဝမှာ မသိတုန်းက လုပ်ခဲ့ကြပလားလို့မေးရင် မလိမ်နဲ့ ခင်ဗျားတို့ ဒီဆုတောင်း တောင်းခဲ့သလား၊ မတောင်း ခဲ့ဘူးလား. . . (တောင်းခဲ့ပါတယ်)၊ တယ်လည်း မိုက်ချက် သန်ပါလား. . . (သန်ခဲ့ပါတယ်ဘုရား)။

မရှိလို့ တောင်းတာလား၊ ရှိပြီးသားတောင်းတာ လား. . . (ရှိပြီးသားတောင်းတာပါဘုရား)၊ ဟာ,မပု သေသေ ချာချာလွဲပြီ. . . (လွဲပါပြီဘုရား)။

သေသေချာချာလွဲပြီ၊ ဆည်မရအောင် လွဲတာပဲ. . .

(မှန်ပါ့)၊ ဆည်မရအောင် လွှဲတာပဲ ဦးဘရှင်းတို့ မှီလိုက်ရုံရှိလို့ တော်သေးတယ်နော်. . . (မှန်ပါ့ဘုရား)၊ အခုဉာဏ်ပေးတဲ့ ပုဂ္ဂိုလ်နဲ့ မှီလိုက်ရုံရှိလို့ တော်သေးတယ်. . . (မှန်ပါ့)။

နို့မဟုတ်လို့ရှိရင်ဖြင့် ဇာတ်မျောကြီးချည့် ခင်းမှာ . . . (မှန်လှပါဘုရား)၊ ဒုက္ခရောက်မည့် ဇာတ်ချည့်. . . (ခင်းပါတယ်)၊ ခင်းတာပဲဆိုတာ သေချာပလား. . . (သေချာပါတယ်ဘုရား)။

## သနားလွန်းလို့ ဟောနေပါတယ်

အဲဒါ, သနားလွန်းလို့ ဟောနေပါတယ်ဆိုတာကိုလည်း နောက်က ဒကာ,ဒကာမတွေက မှတ်ပါ. . . (မှန်ပါ့)။

ခင်ဗျားတို့ အင်မတန်မှ အမြင်မှားပြီး ရှာမှီးခြင်းလွဲနေလို့ ဟောရပါတယ်. . . (မှန်ပါ့)။

ဒါက ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ငါဘုရားမဖြစ်တာ လက်သည်ရှာတော့ ရှာမှီးခြင်းလွဲလို့ဟော့တဲ့. . . (မှန်ပါ့ဘုရား)။

ငါဘုရားမဖြစ်တာ ဘာတဲ့. . . (ရှာမှီးခြင်း လွဲလို့ပါဘုရား)၊ ဘုရားက မူလပဏ္ဏာသ ပါဠိတော် ပါသရာသိသုတ်မှာ သေသေချာချာဟောတယ်၊ ငါဘုရားမဖြစ်တာ ရှာမှီးခြင်းလွဲမှုတွေကြောင့်ဟော့တဲ့. . . (မှန်ပါ့ဘုရား)၊ ရှင်းပလား . . .

(ရှင်းပါပြီဘုရား)၊ ဘုရားမဖြစ်တာ ဘာလို့ပါလိမ့်... (ရှာမှီးခြင်း လွဲလို့ပါဘုရား)။

ခင်ဗျားတို့ သိထားတာက ပါရမီမပြည့်သေးလို့ ဘုရားမဖြစ်သေးဘူးလို့ အောက်မေ့နေတယ်...(မှန်ပါ့)၊ ရှာမှီးခြင်းလွဲနေလို့ ဇာတိ၊ ဇရာ၊ မရဏာချည့် ပြန်လှည့်နေတယ်...(မှန်ပါ့)၊ ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဘယ့်နှယ်ကြောင့်ပါလိမ့်...(ရှာမှီးခြင်းလွဲလို့ပါ)၊ နောက်တော့ကွာ...ငါ့မှာ မနည်းကြိုးစားရတယ်၊ ရှာမှီးခြင်းမလွဲအောင် မနည်းကြိုးစားရတယ်၊ ဇာတိရှိလျက်နဲ့ဖြင့် ဇာတိအပြစ်မြင်မှ တော်တော့မယ်ဆိုတဲ့စိတ် ပြောင်းယူရတယ်...(မှန်လှပါဘုရား)။

ဇာတိရှိလျက်နဲ့ဖြင့် ဇာတိကိုအပြစ်မြင်အောင် ငါကြည့်မှပဲ၊ ဇာတိကော မုန်းအောင်ကြည့်မှပဲ၊ ဇာတိကို မလိုချင်အောင်ကြည့်မှပဲလို့၊ ငါ့မှာ ပြောင်းယူရတယ်ကွတဲ့၊ အဲဒီတော့မှ ဘုရားဖြစ်လာတယ်...(မှန်ပါ့)။

ဇရာကို သိပြီးသကာလ ဇရာကိုမုန်းပြီး ဇရာကို မလိုချင်တော့မှ ငါဘုရားဖြစ်လာတယ်...(မှန်ပါ့)...ဗျာဓိ ကို ငါတွေ့၊ ဗျာဓိကို ငါမုန်း၊ ဗျာဓိကို ငါမလိုချင်တော့မှ ဘာတုံး...(ဘုရားဖြစ်လာပါတယ်ဘုရား)။

မရဏာကို ငါမြင်၊ မရဏာကိုမုန်း၊ မရဏာကို မလိုချင်

တော့မှ ဘာဖြစ်လာသတုံး. . . (ဘုရားဖြစ်လာပါတယ်ဘုရား)၊ ဘုရားဖြစ်လာတယ်၊ အံမာ. . . ဦးဘရှင်း, ရှင်းသွားပြီ. . . (ရှင်းသွားပါပြီဘုရား)။

## နိဗ္ဗာန်မရတာ ရှာမှီးခြင်းလွဲလို့

မောင်နိုင်. . . ဒီတရားသေသေချာချာမှတ်ပါ၊ အဖိုးတန်လွန်းလို့နော်. . . (မှန်ပါ့)၊ ဘုရားဟာ ဘုရားဖြစ်ခဲ့တာဘာကြောင့်ပါလိမ့်မတုံး၊ နိဗ္ဗာန်မရတာ ဘာကြောင့်ပါလိမ့်မတုံးလို့ မေးတော့မှ ယနေ့ ဒကာ ဒကာမတွေဟာအဖြေမှန်ကြီးထွက်လာတယ်. . . (မှန်ပါ့)၊ ရှာမှီးခြင်းလွဲလို့. . . (မှန်ပါ့)။

ဦးအောင်ဖေ, ဘာတဲ့တုံး. . . (ရှာမှီးခြင်းလွဲလို့ပါ) သေသေချာချာမှတ်ပါ၊ ရှာမှီးခြင်းလွဲလို့ပါ၊ ခင်ဗျားတို့ မျက်စိလည်နေတာ. . . (မှန်ပါ့)။

ဘုရားကလည်း သူလည်ခဲ့တဲ့အကြောင်းကို တာဝန်ခံပါတယ်. . . (မှန်ပါ့)၊ ခင်ဗျားတို့ကိုယ်တိုင်ကလည်း ဒီဆရာဘုန်းကြီးနဲ့ တွေ့လို့မှ ဒီဉာဏ်မျက်လုံးကို ထည့်မပေးတော့ဘူး၊ ရှာမှီးခြင်း အလွဲအချော်တွေကို လုပ်နေကြဦးမယ်ဆိုရင်ဖြင့် ဇာတိဇရာ မရဏာလှည့်နေမှာပဲ. . . (မှန်ပါ့ဘုရား)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

## ဒုက္ခသစ္စာချည်းလှည့်နေတယ်

ဘာလှည့်နေမှာတုံး. . . (ဇာတိ၊ ဇရာ၊ မရဏ လှည့်နေမှာပါဘုရား)၊ သိပ်ကြောက်စရာ ကောင်းပါကလား. . . (ကောင်းပါတယ်ဘုရား)၊ ဒုက္ခသစ္စာချည်းလှည့်နေတယ်. . . (မှန်ပါ့)။

ဘာတွေလှည့်နေသလဲ. . . (ဒုက္ခသစ္စာချည်း လှည့်နေပါတယ်ဘုရား)၊ မောင်သိန်း ကြောက်စရာပါလား. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ကောင်းပြီတဲ့၊ ဒါဖြင့် ခင်ဗျားတို့ ရှာမှီးခြင်း လွဲတယ်။ မလွဲတယ် ခင်ဗျားတို့ပဲ ဘုရားကပြောလိုက်တယ်။ မင်းတို့သားသမီးတွေဟာတဲ့၊ အဲဒါ ဇာတိ၊ ဇရာ၊ မရဏ ဖြစ်ကြောင်းတွေ၊ သဘောကျသွားပလား. . . (ကျသွားပါပြီဘုရား)။

သားသမီးတွေဟာ. . . (ဇာတိ၊ ဇရာ၊ မရဏဖြစ်ကြောင်းတွေပါဘုရား)။

## ရွှေ,ငွေ,ကျောက်သံပတ္တမြားတွေဟာ ဘာတုံး

အသက်ရှိသတ္တဝါတွေ၊ ရွှေ,ငွေ ကျောက်သံပတ္တမြားတွေဟာတဲ့၊ ဇာတိ၊ ဇရာ၊ မရဏဖြစ်ကြောင်းကွ. . . တဲ့၊ သဘောပါပလား. . . (ပါ,ပါပြီဘုရား)။

ဒါ ဘာကြောင့်တုံး ဓာတ်၊ ဇရာ၊ မရဏဖြစ်ကြောင်း ဆိုတော့ ဒကာ, ဒကာမတွေက ဖြုန်းခနဲ မပေါ်သေး ဘူးပေါ့ဗျာ. . . (မှန်ပါ့ဘုရား)၊ ပေါ်ပါလိမ့်မယ်၊ ရှင်းရှင်း လင်းလင်းပေါ်ပါလိမ့်မယ် ကိုမြင့်နော်. . . (မှန်ပါ့)။

## သားသမီးတွေဟာ ဘာတုံး

ခင်ဗျားတို့ သားသမီးတွေဟာ ဘာတုံး၊ ဓာတ်၊ ဇရာ၊ မရဏ ရှာနေတာပဲ. . . (မှန်ပါ့)။

ခင်ဗျားတို့ သားသမီးတွေရှိနေတာသည် မသုံးတတ် လို့ရှိရင် ဓာတ်၊ ဇရာ၊ မရဏ ရှာနေတာ. . . (မှန်ပါ့)၊ ပစ္စည်း ဥစ္စာ ရတနာတွေကော. . . (ဓာတ်၊ ဇရာ၊ မရဏ ရှာနေတာ ပါဘုရား)။

ကိုင်း. . . ဒါတွေဟာ မင်းတို့ ဓာတ်ရှိလျက်နဲ့ ဓာတ် ရှာတဲ့ သဘောတွေကွ၊ သားတွေ၊ သမီးတွေ၊ ပစ္စည်းတွေ၊ အခြံအရံတွေဟာ ဓာတ်၊ ဇရာ၊ မရဏ သောက ပရိဒေဝ တွေကွတဲ့။ သေသေချာချာ ဟောတယ်နော်. . . (မှန်ပါ့)။

## ပစ္စည်းဥစ္စာတွေဟာ ဘာတုံး

သားသမီးနဲ့ပစ္စည်းဥစ္စာ ရတနာတွေဟာ ဘာတဲ့ တုံး. . . (ဓာတ်၊ ဇရာ၊ ဗျာဓိ၊ မရဏတွေပါ)၊ ဓာတ်၊ ဇရာ၊

ဗျာဓိ၊ မရဏာရှာတဲ့အလုပ်တွေပဲ. . . (မှန်ပါ့)။

ကိုင်း. . . ဒါကို သေသေချာချာ ပေါ်တော့မယ် ဒကာ၊ ဒကာမတို့ ရှေ့သဘောကလေး ကောင်းကောင်း ကလေး မှတ်ထားလိုက်၊ အခုပြောတဲ့သဘောကလေး၊ ဩော် . . . ငါတို့သားတွေ၊ သမီးတွေ၊ ပစ္စည်းတွေဟာ ဇာတိ၊ ဇရာ၊ မရဏာတွေပါကလားလို့ မှတ်ထားလိုက်ပါ. . . (မှန်ပါ့)။

ကိုင်း. . . ပြောပါတော့မယ်၊ ကိုယ့်သားသမီးရယ်လို့ ဖြစ်လာကြတဲ့အခါကျတော့ ဒကာ၊ဒကာမတွေက မခင်ပါနဲ့ ဆိုလို့ရသေးရဲ့လား. . . (မရပါဘုရား)။

## တဏှာ ဥပါဒါန် ကံ

အင်း. . . ခင်လိုက်ပြီ၊ ခင်တော့ မောင်နိုင်က ပဋိစ္စ သမုပ္ပါဒ်ထဲ ဘယ်တရားယူရမလဲ. . . (တဏှာပါဘုရား)၊ တဏှာယူမယ်၊ ခင်ရုံတင်ပဲနေသလား၊ ဒကာ၊ဒကာမတို့ စွဲလမ်းသေးသလား. . . (စွဲလမ်းပါတယ်ဘုရား)၊ ဥပါဒါန် ရောက်ပြီ. . . (မှန်ပါ့)။

ဥပါဒါန်ရောက်တော့ ကာယကံ၊ ဝစီကံနဲ့ ပေွ့လား၊ ချီလားလုပ်ပါရဲ့လား. . . (လုပ်ပါတယ်ဘုရား)။

ဒါဖြင့် ဘယ်ရောက်သွားသတုံး. . . (ကမ္မဘဝပါ ဘုရား)၊ ကမ္မဘဝရောက်သွားတယ်၊ ကာယကံ၊ ဝစီကံလို့

ခေါ်ထားပြီ. . . (မှန်ပါ့)၊ ပြောလိုက်၊ ဆိုလိုက်နဲ့ ကမ္မဘဝ မရောက်သေးဘူးလား. . . (ရောက်ပါပြီဘုရား)၊ ကမ္မဘဝ ပစ္စယာ. . . (ဇာတိ)၊ ဇာတိပစ္စယာ. . . (ဇရာ၊ မရဏာပါဘုရား)။

## နောက်ထပ်ဖြစ်ကြောင်းတွေ

ဟော. . , တွေ့ပြီ၊ ဒါ, သားသမီးကြောင့်ပဲ၊ ဒီသားသမီးတွေဟာတဲ့ ခင်ဗျားတို့၏ ဇာတိ၊ ဇရာ၊ မရဏာ နောက်ထပ်ရှာတာ. . . (မှန်ပါ့)၊ ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

အခုရှိတဲ့ သားသမီးတွေဟာ ခင်ဗျားတို့၏ ဇာတိ၊ ဇရာ၊ မရဏာ နောက်ထပ်ဖြစ်ကြောင်းတွေ. . . (မှန်ပါ့)၊ ဦးဘရှင်းပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

## အမွှမ်းတင်ထားတဲ့ ကျောက်ကလေးတွေ

ကိုင်း, . . ခင်ဗျားတို့ ရ,ထားတဲ့ ကျောက်ကလေးတွေ၊ ခင်ဗျားတို့ အမွှမ်းတင်ထားတဲ့ ကျောက်ကလေးတွေ ဘယ်အခါမဆို ရောင်းကောင်းတဲ့ ဈေးကောင်းတဲ့ ကျောက်ကောင်းကလေးတွေ ဒါကလေးတွေလည်း ရှိလိုက်တဲ့ အခါကျတော့ မခင်ဘူးလား. . . (ခင်ပါတယ်ဘုရား)။

ခင်တာက ဘာတုံး. . . (တဏှာပါဘုရား)၊ တဏှာလာရင် စွဲစွဲလမ်းလမ်းကော ဒါကလေးမှပဲ အားကိုးရတယ်

ဆိုတာကော. . .(လာပါတယ်ဘုရား)၊ ဥပါဒါန်. . .(လာပါ
တယ်ဘုရား)။

## နောင်တစ်ဖန် ဇာတိ၊ ဇရာ၊ မရဏ

ဟော. . .ခင်ဗျားတို့ ပစ္စည်းတွေဟာလည်းတဲ့ သူ
တို့ကြောင့် နောင်တဖန် ဇာတိ၊ ဇရာ၊ မရဏ ရှာမှီးခြင်း
ဖြစ်တာပဲ. . .(မှန်ပါ့ဘုရား)။

ဒါဖြင့် အခုဇာတိရှိလျက်နဲ့ ဇာတိရှာတယ်ဆိုတာ
ဒီပစ္စည်းတွေပဲ. . .(မှန်ပါ့)၊ ဒီပစ္စည်းတွေကြောင့် ဖြစ်လာတယ်
. . .(မှန်ပါ့ဘုရား)၊ ဒီသားသမီးတွေကြောင့်. . .(ဖြစ်လာပါ
တယ်ဘုရား)၊ ဒကာ,ဒကာမတို့ ပေါ်ပလား. . .(ပေါ်ပါပြီ
ဘုရား)။

ဥပမာမယ် ကျွဲ၊ နွား၊ မြင်းရှိတဲ့ ပုဂ္ဂိုလ်တွေလည်း
ကိုယ့်ကျွဲ၊ နွားကလေးကို ကိုယ်ခင်တာပဲ. . .(မှန်ပါ့)၊ ခင်ရင်
ဘာလာမယ်. . .(တဏှာလာပါတယ်)၊ စွဲလမ်းရင်. . .(ဥပါဒါန်
လာပါတယ်). . .သူ့ကိုကျောင်းရ၊ မွေးရဆိုလို့ရှိရင် ကာယကံ
ဝစီကံနဲ့ ဘာတုံး. . .(လာပါတယ်)၊ လာရင် ဘာလုပ်မတုံး
. . .(ကမ္မဘဝပါဘုရား)၊ ကမ္မဘဝပစ္စယာ. . .(ဇာတိ)၊ ဇာတိ
ပစ္စယာ. . .(ဇရာမရဏ)။

## ကျွဲ၊ နွားပစ္စည်းတွေဟာ ဘာတွေတုံး

ကိုင်း. . . ဒါဖြင့် ကျွဲ၊ နွားပစ္စည်းတွေဟာလည်း ဘာတွေတုံး. . . (ဇာတိ၊ ဇရာ၊ မရဏတွေပါဘုရား)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ဘာတွေရှာကြပါလိမ့်. . . (ဇာတိ၊ ဇရာ၊ မရဏတွေပါဘုရား)၊ ဇာတိ၊ ဇရာ၊ မရဏတွေဆိုတာ သေချာကြပလား. . . (သေချာပါပြီဘုရား)။

သြော်. . . ဒါဖြင့် ဘုန်းကြီးတို့ ဒကာ,ဒကာမတွေမှာ ငွေရှာတာလည်း ဇာတိ၊ ဇရာ၊ မရဏရှာတာပဲ. . . (မှန်ပါ့)။

ခင်ဗျားတို့ကတော့ ပရိယာယ်နဲ့တော့ သုံးလိုက်ပါတယ်တဲ့၊ လှူဖို့၊ တန်းဖို့၊ ပေးဖို့၊ ကမ်းဖို့. . . (မှန်ပါ့)၊ စင်စစ်တော့ ဘာရှာတာထင်ကြသတုံး. . . (ဇာတိ၊ ဇရာ၊ မရဏရှာတာပါဘုရား)။

သားသမီးကလေးတွေ ကိုယ်ပိုင်သားသမီးကလေးတွေကို ခင်ကြ၊ မင်ကြတာကတော့ (ဇာတိ၊ ဇရာ၊ မရဏရှာတာပါဘုရား)၊ သူများသားသမီးကလေးကို ကြင်နာကြတာတွေကော. . . (ဇာတိ၊ ဇရာ၊ မရဏ ရှာတာပါဘုရား)။

## သံသရာရှည်ခဲ့တဲ့လက်သည်တွေ

သြော်. . . တို့သံသရာရှည်ခဲ့တဲ့ လက်သည်တွေ့ပါ

ပေါ့လား၊ သားနဲ့သမီးနဲ့ ပစ္စည်းတွေပါလား. . .(မှန်ပါ့)၊ တွေ့ကြပလား. . .(တွေ့ပါပြီဘုရား)၊ ဘာတွေ့သလဲ. . . (သားသမီးနဲ့ ပစ္စည်းတွေ့ပါတယ်ဘုရား)။

သားသမီးနဲ့ပစ္စည်းတွေဟာ ဒါတွေအတွက်နဲ့ ဘာတွေ ရမယ် ထင်ကြသတုံး. . .(ဇာတိ၊ ဇရာ၊ မရဏ တွေ့တာ ပါဘုရား)၊ ပေါ်ကြပလား. . .(ပေါ်ပါပြီဘုရား)။

ဩော်. . . ဒါဖြင့် ဇာတိရှိလျက် ဘာရှာနေကြသတုံး . . .(ဇာတိရှာပါတယ်ဘုရား)၊ ဇရာရှိလျက်နဲ့. . .(ဇရာရှာပါ တယ်)၊ ဗျာဓိအနာ နှိပ်စက်တာရှိလျက်နဲ့. . .(ဗျာဓိရှာပါ တယ်). . . နောက်ဗျာဓိရှာတာပဲ. . .(မှန်ပါ့)၊ မရဏရှိလျက်နဲ့ . . .(မရဏရှာပါတယ်)၊ မရဏရှာတာဆိုတော့ ခင်ဗျားတို့ မှာဖြင့် ရှာမှီးခြင်းဖြင့် သေသေချာချာ လွဲကုန်ပြီ. . .(လွဲပါ တယ်ဘုရား)။

သို့သော်လည်း ခင်ဗျားတို့ ဦးဘရှင်းတို့လူစု ကိုပေါ် တို့လူစု အားကျနေတာရှိသေးတယ်၊ သူက တစ်သောင်း ရအောင်ရှာရင် ငါက သောင်းငါးထောင်ရအောင် ရှာမကွ ဆိုပြီးတော့ သူက ဇာတိတစ်ခါ ရလို့ရှိရင် ငါက ဇာတိ နှစ်ခါရအောင်ရှာမယ်ကွ. . .(မှန်ပါ့)၊ သူက ဇရာနှစ်ခါရရင် ငါက သုံးခါရအောင် ရှာမကွ၊ ဒီပစ္စည်းတွေက. . .(မှန်ပါ့)၊ ရိပ်မိကြပလား. . .(ရိပ်မိပါပြီဘုရား)။

## ငါကိုယ်တော်တိုင် ရှာမှီးခြင်းလွဲခဲ့လို့

ဒကာကြီးလိုင် သဘောပါရဲ့လား. . . (ပါ,ပါတယ် ဘုရား)၊ ဒါဟာ မူလပဏ္ဏာသပါဠိတော်မှာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ငါကိုယ်တိုင် ရှာမှီးခြင်းလွဲလို့ ဇာတိ ဇရာ မရဏတွေပြန်ရတယ်ကွ. . . (မှန်ပါ့)။

မင်းတို့လည်း ဒီသားသမီးနဲ့ပစ္စည်းတွေကို ရှာနေကြ လို့၊ ခင်နေကြလို့၊ မင်နေကြလို့ ရှိရင်ဖြင့် ဇာတိ၊ ဇရာ၊ မရဏပဲ ပြန်ရမယ်တဲ့. . . (မှန်ပါ့)၊ နိဗ္ဗာန်မရဘူးတဲ့. . . (မှန် ပါ့)၊ ဘာဖြစ်လို့တုံး ရှာမှီးခြင်းလွဲလို့. . . (မှန်ပါ့ဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## အင်မတန် နက်နဲတဲ့တရား

အင်မတန်နက်နဲတဲ့တရားနော်. . . (မှန်ပါ့)၊ ပေါ်ကြ ရဲ့လား. . . (ပေါ်ပါတယ်ဘုရား)၊ ရှာမှီးခြင်းဖြင့် လွဲကုန်ပြီ. . . (မှန်ပါ့)၊ မလွဲသေးဘူးလား. . . (လွဲပါပြီဘုရား)။

ခင်ဗျားတို့ သားသမီးနဲ့ ပစ္စည်းဥစ္စာ ရတနာတွေ ဟာ ဘာတဲ့တုံး. . . (ဇာတိ၊ ဇရာ၊ မရဏ ရှာတာပါဘုရား)။

ဇာတိရှာတာတွေ၊ ဇရာရှာတာတွေ၊ ဗျာဓိ ရှာတာတွေ၊ မရဏရှာတာတွေ. . . (မှန်ပါ့)၊ ပဋိစ္စသမုပ္ပာဒ်နဲ့ ဆက် လိုက်တော့ မှန်ကြပါရဲ့လား. . . (မှန်ပါတယ်ဘုရား)၊ ပဋိစ္စ

သမုပ္ပာဒ်နဲ့ ဆက်ကြည့်လိုက်တဲ့အခါ မှန်တယ်နော် ...
(မှန်ပါ့)။

## ကျောက်ကောင်းကလေးရတယ်ဆိုရင်

ကျောက်ကောင်းကလေးရတယ်ဆိုလို့ရှိရင် မရောင်းရက်၊ မစားရက် လူမမြင်အောင်ထား၊ ဘယ်လောက်ထိအောင် ကံကောင်းတယ်လို့ ထင်ဖြစ်လိုက်တယ်ဆိုတဲ့ ဥစ္စာသာယာပစ်လိုက်တယ်ဆိုတာတော့ မောင်နိုင် ပြောဖို့လိုသေးသလား...(မလိုပါဘုရား)၊ လူမသိစေနဲ့ဆိုတော့ ဒါကလေးခင်တွယ်လွန်းလို့ဆိုတဲ့အဓိပ္ပာယ် မရှင်းဘူးလား...
(ရှင်းပါတယ်ဘုရား)။

ဒါဖြင့် ခင်တွယ်တာ ဘာခေါ်ကြမလဲ...(တဏှာပါဘုရား)၊ စွဲလမ်းတာ...(ဥပါဒါန်ပါ)၊ လုံခြုံအောင်သိမ်းတာ...(ကမ္မဘဝပါဘုရား)၊ ကမ္မဘဝပစ္စယာ...(ဇာတိ)၊ ဇာတိပစ္စယာ...(ဇရာမရဏ)၊ ကဲ...မောင်အောင်သိန်း ဘယ့်နှယ်နေသတုံး၊ ရှာမှီးခြင်း လွဲမလွဲ...(လွဲပါတယ်ဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ကို သေသေချာချာ ဟောပါ တယ်။ ဘုန်းကြီးလည်း အသက်ထင်ရှားရှိတုန်း၊ ခင်ဗျား တို့လည်း ထောင်နိုင်တဲ့ နားရှိတုန်းကို ခင်ဗျားတို့လုပ်နေ တဲ့

သားသမီးနဲ့ပစ္စည်းဥစ္စာ ရတနာတွေဟာ ဇာတိ၊ ဇရာ၊ မရဏ ရှာမှုလုပ်နေတယ်. . . (မှန်ပါ့)၊ ပဋိစ္စသမုပ္ပါဒ်နဲ့ ဆက် လိုက်တော့မှ ဦးညိုကြီးပေါ်ရဲ့လား. . . (ပေါ်ပါတယ်ဘုရား)။

## ပရိယာယ်တွေ မသုံးလိုက်ပါနဲ့

အဲဒီတော့ ခင်ဗျားတို့ ပရိယာယ်တွေ မသုံးလိုက် ပါနဲ့၊ တပည့်တော်တို့ ဒါကလေးထားတာကဘုရား လှူဖို့၊ တန်းဖို့၊ ပေးဖို့၊ ကမ်းဖို့ထားရပါတယ် ဘုရားလို့ပြောတော့ ပါးစပ်ပြောတာက ခင်ဗျားတို့ ပဋိစ္စသမုပ္ပါဒ်နဲ့ ကိုက်ကြည့် တော့ ပါးစပ်က ပြောတာနဲ့ဟာက တခြားစီဖြစ်နေတယ်. . . (မှန်ပါ့ဘုရား)။

ပဋိစ္စသမုပ္ပါဒ်နဲ့ ကိုက်ကြည့်တော့ ဒီကျောက်ကလေး အိုစာ၊ မင်းစာထားတဲ့ ကျောက်ကလေး၊ တိုက်ကလေး တစ်လုံးတည့်ထားလည်း လခကလေးနဲ့ အိုစာ၊ မင်းစာ ဆိုတော့ ဒါကလေးသာယာတာက ဘာပါလိမ့်. . . (တဏှာ ပါဘုရား)၊ စွဲလမ်းတာက. . . (ဥပါဒါန်ပါ)၊ ဒါကလေး မပျက် စီးအောင် စောင့်ရှောက်နေတာက. . . (ကမ္မဘဝပါဘုရား)၊ ကမ္မဘဝပစ္စယာ. . . (ဇာတိပါ)၊ ဇာတိပစ္စယာ. . . (ဇရာမရဏ ပါဘုရား)။

## ဖြစ်ကြောင်းလက်သည်ပဲ

ဇရာ၊ မရဏလို့ဆိုပြန်တော့ ဩော်၊ ဒီပစ္စည်းဟာလည်း နောက်က ဇာတိ၊ ဇရာ၊ မရဏရှာတဲ့ ပစ္စည်းပါကလားဆို တာ ပေါ်လာတယ်. . . (ပေါ်လာပါတယ်)၊ သူလက်သည်ပဲ . . . (မှန်ပါ့)၊ ပေါ်ကြရဲ့လား. . . (ပေါ်ပါတယ်ဘုရား)။

ဘာခေါ်ကြမယ်. . . (လက်သည်ပါ)၊ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏဖြစ်ကြောင်း လက်သည်ပဲ. . . (မှန်ပါ့)၊ ပေါ်ကြ ပလား. . . (ပေါ်ပါပြီဘုရား)။

ဘုရားဟောတော်မူတာနော်. . . (မှန်ပါ့)၊ ဘုန်းကြီး တို့ကလည်း ဘုရားဟောတော်မူတာကို ပေါ်လွင်အောင် ပြောလာပါတယ်. . . (မှန်ပါ့)၊ ဘုရားကပဋိစ္စသမုပ္ပာဒ် ဆက် မပြဘူးစာမှာ၊ စင်စစ်တော့ ပါပြီးသား. . . (မှန်ပါ့ဘုရား)။

အခုဆက်ပြလိုက်တော့ ဩော်. . . တို့ရှာနေတဲ့ ပစ္စည်းဟာ ဇာတိ၊ ဇရာ၊ မရဏ ရှာနေတာပါကလား. . . (မှန်ပါ့)၊ တဏှာ၊ ဥပါဒါန်၊ ကံပြီးတော့ ဇာတိ ဇရာ မရဏ လာမှာပါပဲ. . . (မှန်ပါ့)၊ မလာပေဘူးလား. . . (လာပါတယ် ဘုရား)။

## တဏှာတော့လာမှာပဲ

အဲဒါကို ခင်ဗျားတို့က ဘယ်လိုပရိယာယ်သုံးသုံး

ဒီဉစ္စာကို ခင်တွယ်လို့ရှိရင် ဒီပဋိစ္စသမုပ္ပာဒ်က အလယ်က ဖောက်စတဲ့ ပဋိစ္စသမုပ္ပာဒ် တဏှာတော့လာရမှာပဲ. . . (မှန်ပါ့ဘုရား)

တဏှာလာရင်လည်း ဉပါဒါန်မရပ်ပါဘူး. . .(မှန်ပါ့)၊ ဉပါဒါန်မရပ်ရင်လည်း ကမ္မဘဝက. . .(မရပ်ပါ)၊ ဉပါဒါန ပစ္စယာ ကမ္မဘဝက. . .(မရပ်ပါ)၊ ကမ္မဘဝပစ္စယာဇာတိက . . .(မရပ်ပါ)၊ ဇရာ မရဏတွေက. . .(မရပ်ပါဘုရား)။

ဒါဖြင့် ဒီပစ္စည်းတွေဟာ ဒကာ,ဒကာမတွေ ဘုရားက ရှာမှီးခြင်းလွဲခြင်းကြောင့် ဇာတိ၊ ဇရာ၊ မရဏဆိုတာ ဒီပစ္စည်းတွေက လာတာကွ,တဲ့. . .(မှန်ပါ့)၊ ဒီသား၊ ဒီသမီးတွေက လာတာပါ၊ ပေါ်ကြပလား. . .(ပေါ်ပါပြီ)၊ ရှင်းကြရဲ့လား. . . (ရှင်းပါပြီဘုရား)။

တို့ကတော့ကွာတဲ့ ငါရှာမှီးခြင်းလွဲလို့ သံသရာရှည် ခဲ့တာ ငါနောက်ကျတော့ ရိပ်မိပြီး သိလာတော့ ဒီဟာတွေ ငါ့အပြစ်မြင်တယ်. . .(မှန်ပါ့)၊ ဒီဟာတွေငါအပြစ်ရှုတာပဲ. . . (မှန်ပါ့)၊ ဇာတိရှိလျက်နဲ့ ဇာတိလွတ်ရာရှာမဟော့. . .(မှန်ပါ့ဘုရား)။

ဇရာရှိလျက်နဲ့ ဇရာလွတ်ရာကို. . .(ရှာပါမယ်)၊ ဗျာဓိရှိလျက်နဲ့ ဗျာဓိလွတ်ရာကို. . .(ရှာပါမယ်)၊ မရဏရှိလျက်နဲ့ မရဏလွတ်ရာကို. . .(ရှာပါမယ်)၊ မရဏလွတ်ရာကို ရှာမယ်

ဆိုပြီး ငါရှာလိုက်တော့မှ ဘုရားဖြစ်လာတာပေါ့တဲ့. . . (မှန်ပါ့ဘုရား)။

## ဒါတွေအပြစ်မြင်မှ နိဗ္ဗာန်ရမယ်

ကြည့်စမ်း ဒါတွေကို အပြစ်မြင်ပြီး လွတ်ရာရှာတော့မှ. . . (ဘုရားဖြစ်ပါတယ်ဘုရား)။

ကိုင်း. . . ဒကာ,ဒကာမတွေ နိဗ္ဗာန်ရချင်လည်း ခင်ပျားတို့ ရှာမှီးခြင်းလွဲလို့တော့ မဖြစ်တော့ပါဘူး. . . (မှန်ပါ့)၊ ဒီဟာတွေအပြစ်မြင်မှရတော့မယ်. . . (မှန်ပါ့)၊ ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

ဪ. . . ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီး အခုဟောလိုက်တော့၊ ဪ. . . ဒါဖြင့် တို့လုပ်နေတာတွေဟာ သားကလေးလည်းရှိမှတော်တယ်၊ ပစ္စည်းကလည်းရှိမှတော်တယ်ဆိုတော့ ဇာတိ၊ ဇရာ၊ မရဏ ရှိမှတော်တယ်ဆိုတဲ့ အဓိပ္ပာယ်ရောက်တယ်. . . (မှန်ပါ့ဘုရား)။

သမီးကလေးလည်းရှိမှတော်တယ်၊ သားကလေးလည်း ရှိမှတော်တယ်၊ လူမလေးခွေးမခန့်ဖြစ်တတ်တယ်၊ သမီးကလေးမရှိလို့ရှိရင်လည်း အိုတဲ့အခါခက်တယ်၊ ပစ္စည်းမရှိလို့ရှိရင်လည်း လူမလေးခွေးမခန့်ဖြစ်တတ်တယ်ဆိုတော့ ဒါကလေးတွေရှိ ပြောတာ. . . (မှန်ပါ့ဘုရား)။

ဒါကလေးတွေရှိလို့ရှိရင် ဘာတွေလာသတဲ့တုံး ဘုရား က. . . (ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏလာပါတယ်)၊ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏလာတယ်၊ ခင်ဗျားတို့ကလည်း ဒါတွေရှာထားတယ်. . . (မှန်ပါ့)၊ ရှာထားတော့ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏတွေကို ရှာပြီးသား မရောက်ဘူးလား. . . (ရောက်ပါတယ်ဘုရား)။

ဉာဏ်နားနဲ့ထောင်ကြည့်တော့မှ ဩော်. . . ဟုတ်ပါ လားဆိုတာ ပေါ်လာတယ်. . . (မှန်ပါ့)၊ ဉာဏ်နားနဲ့ မထောင် ရင်တော့ သေချာပလား. . . (သေချာပါပြီဘုရား)။

တွေးပြီးသကာလ ဩော်. . . ဘုရားဟောတော်မူ တာကို ဆရာဘုန်းကြီးက ပေါ်လွင်အောင်ပြောနေတာ၊ ဒါ ကလေးတွေကို ခင်တာကတဏှာ၊ စွဲလမ်းတာက ဉပါဒါန်၊ အားထုတ်တာက ကမ္မဘဝ ဟင်. . . (မှန်ပါ့ဘုရား)။

အကျိုးပေးမှာက ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏဆို တော့ ဦးဘရှင်း ငြင်းဖို့လိုသေးသလား. . . (မလိုပါ၊ ဒကာ ကြီးလှိုင်ပေါ်ရဲ့လား. . . (ပေါ်ပါတယ်ဘုရား)။

## သံသရာရှည်နေတာ ဘာကြောင့်ပါလိမ့်

အဲဒီတော့ ဘုရား ဘာ့ကြောင့် ဖြုန်းခနဲဘုရားမဖြစ် ပါလိမ့်မတုံးလို့ မေးတဲ့အခါ ရှာမှီးခြင်းလွဲနေလို့. . . (မှန်ပါ့)

ဒီဒကာ,ဒကာမတွေလဲ့ သံသရာရှည်နေတာ ဘာ့ကြောင့်လိမ့်. . .(ရှာမှီးခြင်းလွဲလို့ပါဘုရား)။

ရှာမှီးခြင်းလွဲနေလို့၊ ခင်ဗျားတို့အိမ်ကျရင်ပဲ ရှာမှီးခြင်းက တစ်ခါတည်းလွဲပြီ. . .(မှန်ပါ့)၊ လွဲပြီပေ့. . .ဘယ်သူရှိလားဟေ့၊ ဘယ်သူဘယ်သွားသတုံး၊ မမေးသေးဘူးလား. . .(မေးပါတယ်)၊ မေးလို့ရှိရင်လည်း ဒါသည်ကားလို့ဆိုရင် ခင်လို့မေးတာလား၊ မုန်းလို့မေးတာလား. . .(ခင်လို့မေးတာပါဘုရား)။

ခင်ရင်တဏှာ. . .(မှန်ပါ့)၊ စွဲလမ်းရင်. . .(ဥပါဒါန်ပါဘုရား)၊ မေးတဲ့ကာယကံ၊ ဝစီကံက. . .(ကမ္မဘဝပါ)၊ ကမ္မဘဝပစ္စယာ. . .(ဇာတိပါ)၊ သေသည်၏အခြားမဲ့၌ ဇာတိလာမယ်. . .(မှန်ပါ့ဘုရား)၊ ဒါဖြင့် ဒီသားသမီးကလေးတွေတာ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏာဖြစ်ကြောင်း. . .(မှန်ပါ့)၊ ပစ္စည်းတွေဟာကော. . .(ဇာတိ၊ ဇရာ၊ မရဏာဖြစ်ကြောင်းပါဘုရား)။

ဒါဖြင့် ဒီဟာတွေကို ကျုပ်တို့က ပစ္စည်းများအောင်သားသမီးတွေနဲ့ ခြွေခြွေရံရံဖြစ်အောင်ကို ကြိုးစားနေတာသည် ဇာတိ၊ ဇရာ၊ မရဏာဖြစ်ကြောင်းတွေပဲ. . .(မှန်ပါ့ဘုရား)။

ဒါဖြင့် အခု ကိုယ်အလိုရှိနေတာတွေဟာ ဘာတွေ

ရှာနေကြတာတုံးမေးရင် ဘယ့်နှယ်ပြောကြမလဲ. . . (ဇာတိ၊ ဇရာ၊ မရဏာရှာနေတာပါ)၊ ဒုက္ခလေးချက်ရှာနေတာကို ပေါ့. . . (မှန်ပါ့ဘုရား)၊ ဘယ့်နှယ်ဆုံးဖြတ်ချက်ချမလဲ. . . (ဒုက္ခလေးချက်ရှာနေတာပါဘုရား)။

## ဘာဖြစ်လို့မအားတာတုံး

အို. . . အရှင်ဘုရားတို့ကပြောတော့ အလွယ်ကလေး တပည့်တော်တို့မှာ တစ်နေ့မှမအားဘူးတဲ့၊ ဟ. . . ဘာဖြစ် လို့ မအားတာတုံး ပြောပါဦး. . . (ဒုက္ခလေးချက်ရှာနေရတာပါ)၊ ဒုက္ခလေးချက်ရှာနေရလို့ဘုရား. . . (မှန်ပါ့)၊ စားသောက်ဖို့ ရှာနေရတာပါ. . . (မှန်ပါ့)၊ သမီးပျောက်လို့. . . (ရှာရပါတယ်)၊ ပစ္စည်းနည်းလို့. . . (ရှာရပါတယ်ဘုရား)။

ဟာ. . . ဒကာ,ဒကာမတွေက တောင်ကလူက မြောက်၊ မြောက်ကလူက တောင်၊ မောင်နိုင် ဘာတွေရှာနေ ကြတာတုံး. . . (ဒုက္ခလေးချက်ရှာတာပါဘုရား)။

## ဒုက္ခလေးချက်ရှာနေကြတာ

ဒုက္ခလေးချက်ရှာနေကြတာ. . . (မှန်ပါ့)၊ မပုတို့ ဘာ ရှာနေကြတာလဲ. . . (ဒုက္ခလေးချက်ရှာတာပါ)၊ ဒါတောင် ဖတ်ဖတ်မောလို့ပြောသေးတယ်. . . (မှန်ပါ့)၊ မရနိုင်လို့တဲ့၊

ရယ်စရာကောင်းလိုက်တာ. . . (မှန်ပါ့)၊ သဘောပါကြလား . . . (ပါ,ပါပြီ)၊ တယ်လည်းဆိုးပါကလားတဲ့. . . (ဆိုးပါတယ် ဘုရား)။

ဒီဥစ္စာပေါ်လွင်အောင် ဒီတစ်ခါအပြောဆုံးပါပဲ. . . (မှန်ပါ့)၊ ရှေးတုန်းကပြောတာကတော့ ဆုတောင်းနဲ့သာ ပြောနေတယ်. . . (မှန်ပါ့ဘုရား)၊ ယခုတော့ ယခုရှိတဲ့ပစ္စည်း နဲ့ ဘုရားကဟောပြန်တယ်. . . (မှန်ပါ့ဘုရား)။

ကဲ. . . ဦးဘရှင်းတို့ နေပူသွားလိုက်၊ ဘာသွားတာ တုံးလို့ မေးကြစမ်းပါ. . . (ဒုက္ခလေးချက်အရှာသွားတာပါ)၊ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ အရှာသွားတာ. . . (မှန်ပါ့ဘုရား)။

## သကြွန်ပြီးရင် ဘာရှာမယ်စိတ်ကူးသတုံး

ဒကာ,ဒကာမတွေ သဘောကျပလား. . . (ကျပါပြီ ဘုရား)။ သကြွန်ပြီးလို့ရှိရင်ဖြင့် ဘာများရှာကြမယ် စိတ်ကူး ကြသတုံး. . . (ဇာတိ၊ ဇရာ၊ မရဏရှာပါမယ်)၊ အံမာလေး ကြောက်စရာကြီးပါလား၊ သကြွန်ပြီးရင် ဇာတိ၊ ဇရာ၊ မရဏ ရှာမတဲ့. . . (မှန်ပါ့)။

## သကြွန်ပြီးရင်ဘာလုပ်ကြမှာတုံး

ဒကာကြီးလှိုင်. . . ခင်ဗျား ယီးတီးယားတား လုပ်မနေ

နဲ့ အိုခြင်းဆိုးကြီးနဲ့လည်းတွေ့နေပြီ. . . (မှန်ပါ့)၊ သဘောပါကြပလား. . . (ပါ,ပါပြီ)၊ သကြွန်ပြီးရင် ဘာလုပ်ကြမှာတုံး . . . (ဇာတိ၊ ဇရာ၊ မရဏ ရှာမှာပါ)၊ ဘာသစ္စာတွေတုံး . . . (ဒုက္ခသစ္စာပါဘုရား)။

ဩော်. . . မရှိလို့ရှာတာလား၊ ရှိပြီးသားပေါ်အောင်လို့ရှာတာလား. . . (ရှိပြီးသားပေါ်အောင်လို့ရှာတာပါ)၊ ဟာ. . . အနာက တစ်လုံးပေါက်နေတဲ့အထဲ နောက်တစ်လုံး ထပ်ဆင့်ချင်တာက အတော်လွန်ပြီ. . . (မှန်ပါ့)။

သေသေချာချာဉာဏ်နဲ့တွေ့မှ ဦးဘအုန်းပေါ်လာတယ်. . . (မှန်ပါ့)၊ ဉာဏ်နဲ့မတွေးရင်. . . (မပေါ်ပါ)၊ မပေါ်နိုင်ဘူးတဲ့ မျက်စိလည်နေတာ၊ ခင်ဗျားတို့ ရှင်းပလား. . . (ရှင်းပါပြီ)၊ ကိုင်း,ဒါဖြင့် ဒကာ,ဒကာမတို့ ခင်ဗျားတို့အတွက် ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဘုရားဖြစ်ပြီး ကြည့်လိုက်တဲ့အခါကျတော့ ဟိုအိမ်ကြည့်လိုက်ပြန်လည်း ဘာတွေများရှာနေကြပါလိမ့်. . . (ဇာတိ၊ ဇရာ၊ မရဏ ရှာနေကြပါတယ်)၊ ကုသိုလ်ပြုတာတောင်မှ မပြုတတ်လို့ရှိရင် ဇာတိ၊ ဇရာ၊ မရဏရှာတယ်၊ ဒီအတိုင်း စီးပွားရှာတာများတော့ ပြောဖို့လိုသေးသလား. . . (မလိုပါဘုရား)။

## လူချင်းတူတူ သူချင်းမျှမျှ

စားဖို့ သောက်ဖို့ နေဖို့ထိုင်ဖို့ လူချင်းတူတူ၊ သူချင်းမျှမျှ ဖြစ်ဖို့ရှာတာများတော့ ပြောဖို့လိုသေးသလား. . .(မလိုပါဘုရား)၊ ဘာရှာကြပါလိမ့်. . .(ဇာတိ၊ ဇရာ၊ မရဏ ရှာပါတယ်ဘုရား)။

ဒါနဲ့ ဘုရားဟောတဲ့ တရားအတိုင်း ဘုန်းကြီးတို့က ပြောတော့ ဒကာ,ဒကာမတွေ သကြံန်ပြီးတဲ့အခါကျလို့ ရှိရင်ဖြင့် ဘယ်ဟာကို လက်ဦးထားကြမတုံးလို့ မေးလို့ရှိရင်ဖြင့် ဦးဘရှင်းတို့ တစ်ပြိုင်နက် အဖြေထွက်လိမ့်မယ် . . .(မှန်ပါ့)၊ မထွက်ဘူးလား. . .(ထွက်ပါတယ်ဘုရား)။

ဘာအရှာထွက်ကြမယ်. . .(ဇာတိ၊ ဇရာ၊ မရဏ အရှာထွက်မှာပါဘုရား)၊ သိပ်ကြောက်စရာကြီးပါလား. . . (မှန်ပါ့)၊ ကြောက်စရာမှအကြီးဆုံးပါလား. . .(မှန်ပါ့)။

## သကြံန်ရက်အောင့်လိုက်ရလို့ ဟာသွားတယ်

ခင်ဗျားတို့က အခု ၃–၄ ရက် အောင့်လိုက်ရတာကိုပဲ အတော်ဟာသွားတယ်လို့ အောက်မေ့ချင် အောက်မေ့သေးတယ်၊ တချို့မသိတဲ့ပုဂ္ဂိုလ်. . .(မှန်ပါ့)။

ဘယ့်နှယ်အောက်မေ့ကြသတုံး. . .(ဟာတယ်လို့ အောက်မေ့ပါတယ်)၊ အတော်ဟာသွားတယ်တဲ့၊ ဘာတွေ

များဟာ သွားသတုံး ပြောပါဦး. . . (ဇာတိ၊ ဇရာ၊ မရဏာပါ ဘုရား) အံမာလေးဖြစ်မှဖြစ်ရပလေ မောင်နိုင်ရေ. . (မှန်ပါ့)။

ဦးအောင်ဖုံဝေ နက်နက်နဲနဲတွေးမှ ဒီအဓိပ္ပာယ်က ပေါ်လာတယ်. . . (မှန်ပါ့ဘုရား)၊ ပေါ်ကြပလား. . . (ပေါ်ပါ ပြီဘုရား)။

ကိုင်း. . . ဒါဖြင့် အပြစ်မြင်မည့်ဉစ္စာ မြင်သေးရဲ့လား . . . (မမြင်ပါဘုရား)၊ မမြင်တဲ့အပြင် ရှာမှီးခြင်းအလုပ်, လုပ်တယ်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

အေး. . . သကြန်တွင်းမှာ လာတဲ့ကျောက်ကလေး၊ သကြန်တွင်းမှာလာမည့် အော်ဒါကလေးတွေ၊ သကြန်တွင်း မှာလာမည့် အဝယ်အခြမ်း ကိစ္စကလေးတွေတောင်မှ ဒီ ရက်တော့ မတော်သေးပါဘူးဆိုပြီး နောက်ရက်ချိန်းဆွဲတဲ့ အခါမှာလည်း ရှိချင်ရှိမယ်. . . (မှန်ပါ့)၊ မရှိပေဘူးလား. . . (ရှိပါတယ်)၊ အဲဒါက ဇာတိ၊ ဇရာ၊ မရဏာကို ချိန်းချက် ပေးပြီးရှာတာ. . . (မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမလဲ. . . (ဇာတိ၊ ဇရာ၊ မရဏာကို ချိန်းချက်ပေးပြီး ရှာတာပါ)၊ ဒကာလှိုင်ကြီး ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

## ခင်ဗျားတို့အလုပ်ဟာလွဲနေလို့

ခင်ဗျားကို လုပ်မစားစေချင်အောင်ဗျာ၊ အောက်မေ့မနေနဲ့နော်. . .(မှန်ပါ့)၊ ခင်ဗျားတို့ လုပ်မစားချင်အောင်ဟောတာမဟုတ်ဘူးတဲ. . .လုပ်စားနေတဲ့ အဓိပ္ပာယ်ကိုခင်ဗျားတို့အလုပ်ဟာလွဲနေလို့ နောင်ကိုကြဉ်နည်းကို ဟောမှာပါ. . .(မှန်ပါ့)၊ ရှင်းပလား. . .(ရှင်းပါပြီ)၊ လွဲတာက အလွန်လွဲဆိုတာ ပေါ်ပလား. . .(ပေါ်ပါပြီဘုရား)။

ကောင်းပြီ. . .ဒါဖြင့် ဒကာ,ဒကာမတို့ ဇာတိ၊ ဇရာ၊ မရဏဆိုတာ ခင်ဗျားတို့က အခုရှာထားမှ နောက်ရမှာကိုး. . .(မှန်ပါ့)၊ အခုရ,ထားတာက နောက်ဘဝကရှာခဲ့တာ. . .(မှန်ပါ့)။

အခုဆက်ရှာတာက. . .(နောက်ဘဝအတွက်ပါ)၊ နောက်ဘဝအတွက်ရှာထားတော့ ခင်ဗျားတို့ကလည်း ဇာတိမပြတ်မှ ဒုက္ခမပြတ်မှ နေတတ်တယ်. . .(မှန်ပါ့)။

## အသေချင်းထပ်မှ နေတတ်တယ်

ဇရာဒုက္ခမပြတ်မှ. . .(နေတတ်ပါတယ်ဘုရား)၊ ဗျာဓိဒုက္ခမပြတ်မှ. . .(နေတတ်ပါတယ်)၊ မရဏဒုက္ခမပြတ်မှ. . .(နေတတ်ပါတယ်)၊ အသေချင်းထပ်မှ နေတတ်တယ်. . .(မှန်ပါ့)၊ အနာချင်းထပ်မှ. . .(နေတတ်ပါတယ်ဘုရား)။

ဟာ. . .ဦးအောင်ဇံဝေ မိုးကြိုးပစ်သည်ထက် နာသေးတယ်၊ ခင်ဗျားတို့ မသိလိုက်တဲ့ဖြစ်ခြင်း. . .(မှန်ပါ့)၊ ဦးညိုကြီးတို့၊ ဦးဘရှင်းတို့ ပေါ်ပလား. . .(ပေါ်ပါပြီ)၊ နောက်က ဒကာ,ဒကာမတွေ. . .(ပေါ်ပါပြီဘုရား)။

## ပြင်မပေးရင် ကိုယ်ကျိုးနည်းပြီ

ဒါ့ကြောင့် ခင်ဗျားတို့အတွက်ဟာဖြင့် အသိဉာဏ်ကျယ်ကျယ်နဲ့ ဆရာဘုန်းကြီးနဲ့တွေ့ရတော့၊ ဩ်. . . တို့လို ပုဂ္ဂိုလ်ကမှ ပြင်ဆင်မပေးလို့ရှိရင် ကိုယ်ကျိုးတော့ လုလုကြီးနည်းတော့မှာပဲဆိုတာ သေသေချာချာပေါ်လာတယ်. . .(ပေါ်လာပါတယ်ဘုရား)။

မောင်အောင်သိန်းတို့၊ ဦးဘအုန်းတို့ မပေါ်သေးဘူးလား. . .(ပေါ်ပါပြီဘုရား)၊ ကြည့်စမ်းပါလား၊ ဒကာ,ဒကာမတို့ ဆိုးရွားလိုက်တာ. . .(မှန်ပါ့)။

ဒါဖြင့် ဘုရားဟာ ဘာ့ကြောင့် ဘုရားမဖြစ်ပါလိမ့်မတုံး ရှာမှီးခြင်းလွဲနေလို့. . .(မှန်ပါ့)။

ဒီ ဒကာ,ဒကာမတွေ. . .ဘယ့်နှယ်ကြောင့် သံသရာထဲမှာ အို,နာ,သေနဲ့ပဲ အဖော်လုပ်နေရပါလိမ့်မတုံး မေးတော့၊ ဘယ့်နှယ်ဖြေမလဲ. . .(ရှာမှီးခြင်းလွဲလို့ပါဘုရား)။

ဘယ့်နှယ်ကြောင့် အပါယ်လေးပါးနဲ့ အဖော်လုပ်နေ

ရပါလိမ့်မလဲ. . . (ရှာမှီးခြင်းလွဲလို့ပါ)၊ သောကဆိုတဲ့ စိုးရိမ်ခြင်း၊ ပရိဒေဝဆိုတဲ့ ငိုကြွေးမှုတွေ ခဏ,ခဏ ကြုံရတာက ကော. . . (ရှာမှီးခြင်းလွဲလို့ပါ)၊ ရှာမှီးခြင်းလွဲလို့ ရှင်းပလား . . . (ရှင်းပါပြီဘုရား)၊ တယ်လည်းဆိုးပါကလားဆိုတာ ပေါ်လာတယ်. . . (မှန်ပါ့ဘုရား)၊ မပေါ်လာဘူးလား. . . (ပေါ်လာပါတယ်ဘုရား)။

ဟာ. . . ဘုန်းကြီးတို့ ဒကာ,ဒကာမတွေ သိပ်ပြီးတော့ ကြောက်စရာကောင်းပါလား. . . (မှန်ပါ့)၊ အင်မတန်မှ ကြောက်စရာကောင်းတော့တယ်ဆိုတာ မပေါ်လာသေးဘူးလား. . . (ပေါ်လာပါတယ်ဘုရား)။

## သံသရာစခန်းကို သတ်ကြပါစို့

ဒါဖြင့် တို့သံသရာစခန်းကို သတ်ကြပါစို့၊ သံသရာစခန်းဖြင် တို့သတ်မှ တော်တော့မယ်ဆိုတော့ ရှာမှီခြင်း တည့်မှသတ်မှာကိုး. . . (မှန်ပါ့)။

သံသရာစခန်း သတ်ကြပါစို့ဆိုတော့ ဘယ်လို သတ်ပါလိမ့်. . . (ရှာမှီးခြင်းတည့်မှ သတ်ပါတယ်ဘုရား)၊ ရှာမှီးခြင်းတစ်ခါတည်း တည့်သွားမှသာလျှင် သံသရာစခန်း သတ်မယ်ဆိုတာ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

အဲဒါကြောင့် ယနေ့ဖြင့် ရှာမှီးခြင်း တည့်အောင်ဖြင့်

ဒကာ,ဒကာမတို့ မပြောရင်ဖြင့် မဖြစ်တော့ပါဘူး. . .(မှန်ပါ့)၊ ဖြစ်ပါ့မလား. . .(မဖြစ်ပါဘုရား)။

ကိုင်း, ဒါဖြင့် ဒီလိုလုပ်ကြစို့တဲ့၊ ဒီပစ္စည်း ရှာရတာလည်း ဘယ်သူ့အတွက်တုံး. . .(ဇာတိ၊ ဇရာ၊ မရဏအတွက်ပါ)၊ ကဲ. . .အခုရှာနေတာကနော် ဒီခန္ဓာကြီးအတွက် . . .(မှန်ပါ့)၊ သဘောကျပလား. . .(ကျပါပြီဘုရား)။

## ပစ္စည်းရှာနေရတာ ခန္ဓာကြီးအတွက်

ဒီပစ္စည်းရှာနေရတာ. . .(ခန္ဓာကြီးအတွက်ပါ ဘုရား)၊ ဒီကျွဲနွားတွေ မွေးနေရတာကော. . .(ခန္ဓာကြီးအတွက်ပါဘုရား)၊ ဒီသားသမီးတွေကို စောင့်ရှောက်နေရတာကော . . .(ခန္ဓာကြီးအတွက်ပါဘုရား)၊ ဒီခန္ဓာကြီးလုံလောက်ဖို့ . . .(မှန်ပါ့)။

ညော်,ဒါဖြင့် ဒီခန္ဓာ အပြစ်မြင်လို့ ဒီခန္ဓာမလိုချင် ရင် ဟိုဟာတွေ လွတ်မယ်. . .(မှန်ပါ့)။

ဒီခန္ဓာအပြစ်မြင်၍ ဒီခန္ဓာအပေါ်၌ တည့်သွားလို့ရှိ ရင်ဖြင့် ရှာမှီးခြင်းလွဲတဲ့ကိစ္စလာပါ့မလား. . .(မလာပါဘုရား)။

ဒါဖြင့် ဘယ်အပေါ်မှာ သတ္တုကျတယ်ဆိုတာဖြင့် . . .(ခန္ဓာပေါ်မှာ သတ္တုကျပါတယ်)၊ ဒါကြောင့် ဦးဘရှင်းတို့ကို ပောနေတယ်၊ ဦးဘအုန်းတို့ကို ပောနေတယ်၊

ခန္ဓာဉာဏ်ရောက်မှပြီးမကွ. . . (မှန်ပါ့)။

## ခန္ဓာဉာဏ်ရောက်မှ ကိစ္စပြီးမယ်

ဘယ်လိုဟောပါလိမ့်. . . (ခန္ဓာဉာဏ်ရောက်မှ ပြီးမှာပါဘုရား)၊ ခန္ဓာဉာဏ်ရောက်မှ ပြီးမကွဆိုတဲ့ အဓိပ္ပာယ်နဲ့ သေသေချာချာပြောနေပါတယ်. . . (မှန်ပါ့)၊ ခန္ဓာဉာဏ် မရောက်လို့ရှိရင်. . . (မပြီးပါဘုရား)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါ့ကြောင့် ခန္ဓာဉာဏ်ရောက်တဲ့ အလုပ်ဟာဖြင့် အထူးအရေးကြီးတော့တယ် ဆိုတာဖြင့် ဒကာ,ဒကာမတွေ ဒါမှရှာမှီးခြင်းတည့်တော့မယ်. . . (မှန်ပါ့)၊ ခန္ဓာဉာဏ်ရောက် တော့ ခန္ဓာအပြစ်မြင်လာတယ်. . . (မှန်ပါ့)၊ အပြစ်မြင်လာ တော့ မုန်းလာပြီ. . . (မှန်ပါ့)၊ မုန်းလာတဲ့အခါ မလိုချင်လာ ပြီ. . . (မှန်ပါ့)။

ဒီခန္ဓာမလိုချင်တဲ့အခါကျတော့ ဒီခန္ဓာ မလိုချင်ရင် ရှာမှီးခြင်းတည့်သွားပြီ. . . (မှန်ပါ့)၊ နောက် ဇာတိ၊ ဇရာ၊ မရဏ လာဦးမလား. . . (မလာတော့ပါဘုရား)။

ဒါဖြင့် မပုတို့ ဘယ်လိုစဉ်းစားကြမတုံး၊ ဒီခန္ဓာပေါ် ဉာဏ်ရောက်မှ ကိစ္စပြီးမယ်. . . (မှန်ပါ့)။

ဘယ်လိုပါလိမ့်. . . (ခန္ဓာပေါ်ဉာဏ်ရောက်မှ ပြီးမှာပါ

ဘုရား)၊ ဦးဘရှင်း ဘယ်လိုဆုံးဖြတ်ချက်ချမလဲ. . . (ခန္ဓာ ပေါ် ဉာဏ်ရောက်မှ ကိစ္စပြီးမှာပါဘုရား)။

## ဘယ်ကလာလာ ခန္ဓာမှာဆိုက်မှကိုက်မယ်

ဒါဖြင့် ဘုန်းကြီးသင်နေတဲ့အလုပ်ဟာ ဘယ်က လာလာ ဒီဆိုက်မှကိုက်မယ်. . . (မှန်ပါ့ဘုရား)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဘယ်ကလာလာ ဒီမဆိုက်လို့ရှိရင်ဖြင့် မကိုက်သေး ဘူးဆိုတဲ့ အဓိပ္ပာယ်ဖြင့် ဒကာ,ဒကာမတွေ သေသေချာချာ မှတ်ပါ. . . (မှန်ပါ့)။

ဒါကြောင့် ခင်ဗျားတို့ ရှာမှီးခြင်းလွဲတာသည် ခန္ဓာ ကိုယ်ဉာဏ်နဲ့မတည့်လို့ လွဲနေတာ. . . (မှန်ပါ့)။

ခန္ဓာကိုဉာဏ်နဲ့ တည့်လိုက်တဲ့အခါကျတော့ ခန္ဓာက ပြောလာလို့ရှိရင်ဖြင့် ခင်ဗျားတို့ ရှာမှီးခြင်းလွဲမှာ မဟုတ်ပါ ဘူး. . . (မှန်ပါ့)၊ လွဲပါမလား. . . (မလွဲပါဘုရား)။

ဒါဖြင့် ဒကာ,ဒကာမတို့ရှာမှီးခြင်း လွဲတာဟူသရွေ့ သည် ဒီခန္ဓာအတွက်ဆိုပြီး သကာလ သားသမီးလည်း ရှိမှတော်မယ်၊ ပစ္စည်းကော. . . (ရှိမှတော်မှာပါ)၊ ကျွဲ၊ နွား၊ မြေ အစရှိ သည်ကော. . . (ရှိမှတော်မှာပါဘုရား)။

ရှိတော့ ဒါတွေကို ခင်၊ ခင်တော့ တဏှာပဲ၊ တဏှာ

က ဥပါဒါန်သွား၊ ဥပါဒါန်ကနေပြီး ကံသွား၊ ကံကနေပြီး ဇာတိ၊ ဇရာ၊ မရဏာသွား. . .(မှန်ပါ့)၊ ဒီပြင်ဟာတွေကဖြင့် ရှာမှီးခြင်းလွဲနေပြီ. . .(မှန်ပါ့)၊ မဟုတ်ဘူးလား. . .(မှန်ပါ့)။

ကြပ်ကြပ်ကြီးကြီးကျယ်ကျယ် ရှိလေလေ ကြီးကြီးကျယ်ကျယ် အားထုတ်လေလေ. . .၊ ကြီးကြီးကျယ်ကျယ် ဇာတိတွေရလေလေ. . .(မှန်ပါ့)၊ မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ် ဘုရား)။

ဒါ. . .ဘယ့်နှယ်ကြောင့်တုံး. . .လို့ မေးတဲ့အခါကျတော့ ခင်ဗျားတို့ ရှာမှီးခြင်းလွဲတာနော်. . .(မှန်ပါ့)။

## ဒုက္ခသစ္စာမြင်ရင်တော့ တည့်သွားလိမ့်မယ်

အဲဒီတော့ ဒီအလွဲတည့်ချင်ပါတယ်လို့ ဘုန်းကြီးတို့ ဒကာ,ဒကာမတွေ ပြောလို့ရှိရင် ဒီအလွဲ ဘယ်လိုလုပ်မှ တည့်မလဲလို့ မေးဖို့မလိုဘူးလား. . .(လိုပါတယ်ဘုရား)၊ ဒီအလွဲဟာ ဘာတုံး ဒုက္ခသစ္စာမြင်မှ တည့်မယ်. . .(မှန်ပါ့)။

ဒီအလွဲဟာ. . .(ခန္ဓာသစ္စာမြင်မှ တည့်မှာပါဘုရား)၊ ခန္ဓာဒုက္ခသစ္စာမြင်ရင်တော့ တည့်သွားပါလိမ့်မယ်. . .(မှန်ပါ့)၊ ခန္ဓာဒုက္ခသစ္စာမမြင်သေးသရွေ့ ကာလပတ်လုံး. . .(မတည့်သေးပါဘုရား)။

မတည့်သေးဘူးတဲ့၊ နို့မဟုတ်လို့ရှိရင် သားရှိမှ တော်

မယ်၊ မြေးရှိမှတော်မယ်၊ ပစ္စည်းရှိမှတော်မယ်၊ တိုက်တာ ရွှေ၊ ငွေရှိမှတော်မယ်ဆိုတော့ ဦးအောင်ဖံဝေ ဒီဟာတွေဟာ တော်မယ် ဟူသရွေ့သည့် ဇာတိ၊ ဇရာ၊ မရဏာ ရှာတာ ...(မှန်ပါ့ဘုရား)။

## ရှာမှီးခြင်းလွဲရင် ဒုက္ခပြန်ရမှာ

တော်မယ်ဟူသရွေ့သည့်...(ဇာတိ၊ ဇရာ၊ မရဏာ ရှာတာပါဘုရား)၊ ကိုင်းဒါဖြင့် ဒီနေ့တရားဖြင့် ခင်ဗျားတို့ ရှာမှီးခြင်းကဖြင့် တို့မှာ အလွဲနဲ့အချော်ချည့်ပဲဆိုတာ ပေါ် ကြပလား...(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ငါလည်း ရှာမှီးခြင်း လွဲတာနဲ့ကွာ ဘုရားမဖြစ်ဘူးကွတဲ့...(မှန်ပါ့)၊ မင်းတို့လည်း ရှာမှီးခြင်းလွဲရင် ဒုက္ခကြီးပဲ ပြန်ရမှာပဲ... (မှန်ပါ့)၊ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏာပြန်ရမယ်...(မှန်ပါ့ ဘုရား)၊ ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ,ဒကာမတို့ ရှာမှီးခြင်းမလွဲအောင် ဇာတိ ရှိလျက်နဲ့ ဇာတိမရအောင် မရှိတဲ့နေရာ ရှာရမယ်...(မှန် ပါ့)၊ ဇရာရှိရင်...(ဇရာမရှိတဲ့နေရာ ရှာရပါမယ်)၊ ဒါမှ တည့်မယ်...(မှန်ပါ့)၊ ဗျာဓိရှိလျက်နဲ့ဖြင့်...(ဗျာဓိမရှိတဲ့ နေရာ ရှာရပါမယ်)၊ မရဏာဆိုတဲ့ သေမှုရှိလျက်နဲ့...(သေမှုမရှိတဲ့

နေရာ ရှာရပါမယ်)၊ ဒီလိုဆိုရင် တည့်ပြီ. . . (မှန်ပါ့)။

**ဒါရှာရမှာ**

ဒါ့ကြောင့် အဇာတိ^•^–ပဋိသန္ဓေ မနေရာ စင်စစ်ဖြစ်သော၊ အဇရံ–မအိုရာစင်စစ်ဖြစ်သော၊ အဗျာဓိ^•^–မနာရာစင်စစ်ဖြစ်သော၊ အမတံ–မသေရာစင်စစ်ဖြစ်သော၊ သိဝံ–အေးချမ်းလှစွာသော၊ နိဗ္ဗာနံ– နိဗ္ဗာန်ဆိုတော့ ဒါ. . . ရှာရမှာ. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဇာတိမရှိရာကို ဘာလုပ်ရမယ်. . . (ရှာရမှာပါ)၊ ဇရာမရှိရာကို. . . (ရှာရမှာပါ)၊ မရဏမရှိရာ. . . (ရှာရမှာပါ)၊ ဒါဆိုတော့ ရှာမှီးခြင်း ဘယ်နှယ်နေသတုံး. . . (တည့်ပါတယ်ဘုရား)၊ ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

သားသမီးနဲ့ ပစ္စည်းရှာရင် ဘာတဲ့. . . (ရှာမှီးခြင်းလွဲပါတယ်ဘုရား)၊ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏမရှိရာ ရှာခဲ့သော်. . . (ရှာမှီးခြင်း တည့်သွားပါပြီဘုရား)၊ ရှာမှီးခြင်း တည့်သွားပြီ ဒကာကြီးလှိုင် ရိပ်မိရဲ့လား. . . (ရိပ်မိပါပြီဘုရား)၊ ဦးဘအုန်းတို့ ရိပ်မိပြီ. . . (မှန်ပါ့)။

အင်မတန်အရေးကြီးတော့တယ်ဆိုတာ ခင်ဗျားတို့ဘာမှ ဘုန်းကြီးကို ပြောဆိုနေဖို့ မလိုပါဘူး. . . (မလိုပါဘုရား)၊ အင်မတန်အရေးကြီးတော့တယ်ဆိုတာ ကိုပေါ်တို့

ဦးဘရှင်းတို့ ပေါ်လောက်ပါပြီ. . . (ပေါ်ပါပြီဘုရား)။

## နိဗ္ဗာန်မရတာ လက်သည်ပေါ်သွားပြီ

ဒါဖြင့် ခင်ဗျားတို့ နိဗ္ဗာန်မရတာ လက်သည် ယနေ့ ပေါ်သွားပြီ. . . (ပေါ်ပါပြီ)၊ ဘာကြောင့်ပါလိမ့်. . . (ရှာမှီးခြင်း လွဲနေလို့ပါဘုရား)၊ ရှာမှီးခြင်း လွဲနေလို့မရတာ. . . (မှန်ပါ့)။

ဩော်. . . ဒီ ဒကာ,ဒကာမတွေဟာ အခုတော် တော်ကြာ မျက်ရည်ကျရပြန်ပြီ၊ တော်တော်ကြာ ပူရပြန် တော်တော်ကြာ ဆွေးရပြန်ပြီ၊ တော်တော်ကြာ မင်းဒဏ်၊ စိုးဒဏ်သင့်ပြန်ပြီ၊ ဟင်. . . (မှန်ပါ့)။

တော်တော်ကြာ ခန္ဓာထဲ မီးဟုန်းဟုန်းတောက်ပြန် ပြီဟ. . . ဘာဖြစ်ကြတာတုံးလို့ မေးတော့မှ ဘယ့်နှယ် ကြောင့် ဒါတွေတွေ့ရပါလိမ့်မတုံး ဆိုတော့မှ. . . (ရှာမှီးခြင်း လွဲနေလို့ပါဘုရား)၊ အို. . . သားသမီးကြောင့်ဖြစ်ရတယ်. . . ပစ္စည်းကြောင့်ဖြစ်ရတယ်ဆိုတော့ နဂိုကရှာထားတာ လွဲ နေတယ်. . . (မှန်ပါ့ဘုရား)။

နဂိုကရှာထားတာ. . . (လွဲနေပါတယ်)၊ ရှာမှီးခြင်း လွဲတော့ သောက, ပရိဒေဝ, ဇာတိ, ဇရာ, မရဏတွေ မရဘူးလား. . . (ရပါတယ်ဘုရား)။

## ရှာမှီးခြင်းကိုပြောင်းလိုက်ပါ

ဒကာ,ဒကာမတွေ ပြင်ချင်ကြရဲ့လားလို့မေးရင် ဘယ့်နှယ်ဖြေပါ့မလဲ. . . (ပြင်ချင်ပါတယ်)၊ ပြင်ချင်လို့ရှိရင်ဖြင့်. . . တဲ့၊ ရှာမှီးခြင်းကိုပြောင်းလိုက်ပါ. . . (မှန်ပါ့ဘုရား)။

ဇာတိရှိတဲ့ပုဂ္ဂိုလ်သည် ဘာရှာရမယ်. . . (ဇာတိမရှိရာကိုရှာရပါမယ်)၊ ဇရာရှိတဲ့ပုဂ္ဂိုလ်သည်. . . (ဇရာမရှိရာကိုရှာရပါမယ်)၊ ဗျာဓိရှိတဲ့ပုဂ္ဂိုလ်သည်. . . (ဗျာဓိမရှိရာကိုရှာရပါမယ်)၊ မရဏရှိနေတဲ့ပုဂ္ဂိုလ်သည်. . . (မရဏမရှိရာကိုရှာရပါမယ်)၊ အဲဒါမှကိုက်တယ်. . . (မှန်ပါ့ဘုရား)။

အဲဒီတော့ကွာတဲ့၊ ဒီလိုမှရှာမှီးခြင်းတည့်မယ်လို့ ငါဘုရားသခင်ကိုယ်တော်မြတ်ကြီး သေသေချာချာ မင်းတို့ကိုဟောပါတယ်တဲ့၊ မင်းတို့ နိဗ္ဗာန် မရတာဟာ ပါရမီ မရှိလို့လေး ဘာလေးဆိုတာ အပိုပါ. . . (မှန်ပါ့)၊ ရှာမှီးခြင်းလွဲလို့ဖြစ်နေကြတာ. . . (မှန်ပါ့ဘုရား)။

## ရှာထားတာက တစ်မျိုး

ကိုပေါ်တို့လူစုက ရှေးကတော့ ပါရမီမရှိလို့ ထင်ပါ ရဲ့ နိဗ္ဗာန်နဲ့ဝေးနေတယ်တဲ့၊ ကိုယ်ရှာထားတာကဖြင့် လွဲနေတယ်. . . (မှန်ပါ့)၊ နိဗ္ဗာန်ရှာတာလား၊ ဇာတိ၊ ဇရာ၊ မရဏထပ်ရှာတာလား. . . (ဇာတိ၊ ဇရာ၊ မရဏ ထပ်ရှာတာပါ)၊

ပြီးတော့ ဒီထဲကနေပြီး နိဗ္ဗာန်ရချင်သတဲ့၊ ရှာထားတာက တစ်မျိုး၊ ရချင်တာကတစ်မျိုး. . . (မှန်ပါ့ဘုရား)။

## ပါးစပ်က လိုချင်တာကတစ်မျိုး

ရှာထားတာကတော့ ကိုယ့်မှာ အိတ်ဝင်သပိတ်ဝင် ဖြစ်နေပြီ. . . (မှန်ပါ့)၊ အခုပါးစပ်ကရချင်တာက တစ်မျိုး ဖြစ်နေတော့ အထမြောက်ပါ့မလား. . . (မမြောက်ပါ)၊ ပေါ် ပလား. . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ,ဒကာမတွေမှာဖြင့် ဒီ ဉာဏ်မျက်လုံးကိုဖွင့်ပေးမည့်သူ မရှိလို့ရှိရင်ဖြင့် ပစ္စည်းရှိမှ တော်မယ်ဆိုတာကလေးဟာလည်း လာနေမှာပဲ. . . (မှန်ပါ့)၊ သားသမီးရှိမှ. . . (တော်မှာဆိုတာ လာပါမယ်ဘုရား)။

လာမှာပဲ၊ လာရင် သူ့ဘာတွေရှာထားတာတုန်း. . . (ဇာတိ၊ ဇရာ၊ မရဏ ရှာတာပါ)၊ ဇာတိ၊ ဇရာ၊ မရဏ ရှာထားတာ. . . (မှန်ပါ့)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

## တရားတော်က ရေအဆန်ကိုပြောရမှာ

ဩော်. . . ဒါ့ကြောင့် ဘုရားသခင် ကိုယ်တော်မြတ် ကြီးက ငါတရားမဟောချင်ပါဘူးကွာတဲ့၊ မောင်နိုင် ငြီးသင့် မငြီးသင့်. . . (ငြီးသင့်ပါတယ်ဘုရား)။

ငါတရားမဟောချင်ဘူးတဲ့၊ ငါ့တရားကလည်း ပြောင်းပြန်ပြောရမှာ၊ သူတို့ကလည်း ရေစုန်စီးနေတာ၊ ငါက အဆန်ကိုပြောရမှာ. . .(မှန်ပါ့)၊ ရေအဆန်ကိုပြောရမှာ. . . (မှန်ပါ့)။

## သူတို့က ရေစုန်စီးချင်ကြတယ်

သူတို့ကလည်း ရေစုန်စီးချင်တယ်၊ ခက်ပြီဆိုပြီး ဘုရားသခင်ကိုယ်တော်မြတ်ကြီး ကရုဏာတော်ရှိလျက်နဲ့ တရားကနက်လွန်းလို့ ဘယ့်နှယ်လုပ်ဟောရပါ့မတုံး. . . (မှန်ပါ့ဘုရား)။

အခု ယနေ့ ဘုန်းကြီးဟောကြည့်တာကိုပဲ မောင် နိုင် ကိုယ့်အလွဲ ကိုယ့်အချော်တွေဟာ နည်းသလား. . . (မနည်းပါ)၊ ဒကာ,ဒကာမတွေ ကိုယ်လွဲချော်နေတာတွေဟာ ပေါ်ပလား. . .(ပေါ်ပါပြီဘုရား)။

ကိုင်း. . .ဒါဖြင့် ဒီလိုလုပ်ကြပါစို့ဗျာ၊ နာရီကလည်း နီးနေပြီနော်. . .(မှန်ပါ့)၊ ဇာတိရှိလျက်နဲ့ ဇာတိလွတ်ရာ ရှာ ရအောင်. . .(မှန်ပါ့)၊ ဇရာရှိတဲ့ပုဂ္ဂိုလ်က. . .(ဇရာလွတ်ရာ ရှာရပါမယ်)၊ ဗျာဓိရှိတဲ့ပုဂ္ဂိုလ်က. . .(ဗျာဓိလွတ်ရာ ရှာရပါ မယ်)၊ မရဏာရှိတဲ့ပုဂ္ဂိုလ်က. . .(မရဏာလွတ်ရာ ရှာရပါမယ်)။ ဒီလေးခုဟာရှိလျက်နော်. . .(မှန်ပါ့)၊ ဒါဖြင့် လွတ်ရာ ရှာကြ

စို့...(မှန်ပါ့ဘုရား)။

ဒီလေးမျိုးမရှိဘူးလား...(ရှိပါတယ်)၊ ဒါဖြင့် ဘာလုပ်ကြမယ်...(လွတ်ရာရှာရပါမယ်)၊ လွတ်ရာရှာကြပါစို့ ဆိုတဲ့အဓိပ္ပာယ်ဖြင့် ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

## ခန္ဓာကို မလိုချင်မှကိုက်မယ်

ကိုင်း...ဒါဖြင့် လွတ်ရာရှာကြရအောင်နော်...(မှန်ပါ့ဘုရား)၊ လွတ်ရာရှာတော့ကိုတဲ့ ဒကာ,ဒကာမတွေ သတိပဋ္ဌာန်လေးပါးထဲက ဘုန်းကြီးပြောတဲ့ ဒီခန္ဓာဆိုတာကို ခန္ဓာကိုအပြစ်မြင်ပြီးသကာလ ခန္ဓာကိုမုန်း၊ ခန္ဓာကို မလိုချင်လို့ရှိရင် ဒီခန္ဓာကြောင့် ဇာတိဖြစ်ရတယ်...(မှန်ပါ့)။

ဒီခန္ဓာကြောင့်...(ဇရာဖြစ်ရပါတယ်)၊ ဒီခန္ဓာပေါ်လို့ ဗျာဓိဖြစ်တယ်...(မှန်ပါ့)၊ ဒီခန္ဓာပေါ်လို့...(မရဏဖြစ်ရပါတယ်)၊ သဘောကျပလား...(ကျပါပြီဘုရား)။

အဲဒီတော့ ဒီခန္ဓာကိုမရှာမှီးမှပဲ ကိုက်မယ်...(မှန်ပါ့)၊ ကိုင်းဒါဖြင့် ဒီခန္ဓာဆိုတာလည်း ဒကာ,ဒကာမတို့ စိတ္တာနုပဿနာ ပြောပါတယ်နော်...(မှန်ပါ့)၊ စိတ္တာနုပဿနာက မောင်နိုင်မှတ်လိုက်စမ်းပါ ဝိညာဏက္ခန္ဓာပဲ...(မှန်ပါ့ဘုရား)။

စိတ္တာနုပဿနာသည်...(ဝိညာဏက္ခန္ဓာပါ)၊ ဒါဖြင့် ဒီခန္ဓာပဲ မကျဘူးလား...(ကျပါတယ်ဘုရား)။

**ခန္ဓာကို အပြစ်မြင်ရမယ်၊ မုန်းရမယ်**

အဲဒီခန္ဓာကို အပြစ်မြင်ရမယ်၊ ဒီခန္ဓာကို မုန်းရ မယ်၊ ဒီခန္ဓာကို မလိုချင်လို့ရှိရင်ဖြင့် ကျန်တဲ့သူနဲ့တွဲလျက် ခန္ဓာတွေလည်း ပါမသွားဘူးလား. . .(ပါသွားပါတယ်)၊ ပါသွားလို့ရှိရင် နောက်ပဋိသန္ဓေ နေခြင်းဆင်းရဲ အိုခြင်းဆင်းရဲ နာခြင်းဆင်းရဲ၊ သေခြင်းဆင်းရဲဟာ လာပါဦးမလား. . . (မလာပါဘုရား)။

ဩော်. . . ဒါဖြင့် ဒီခန္ဓာကနေ ဖြုတ်မှရမယ်. . . (မှန်ပါ့)၊ ဘယ်ကနေဖြုတ်ရမလဲ. . . (ခန္ဓာကနေ ဖြုတ်ရပါမယ်ဘုရား)။

ဒါဖြင့် နိဗ္ဗာန်လိုချင်ရင် ဒီခန္ဓာမှ ခင်ဗျားတို့ ယခုပြောတဲ့ အပြစ်မြင်တဲ့ အလုပ်ကို မလုပ်တော့ပါဘူး၊ မုန်းတဲ့ အလုပ်ကို မလုပ်တော့ပါဘူး၊ မလိုချင်အောင် ကြည့်ရတဲ့ အလုပ်ကို မလုပ်တော့ပါဘူးဆိုရင်ဖြင့် ဇာတိ၊ ဇရာ၊ မရဏ ပြန်ရမှာပဲ. . . (မှန်ပါ့)၊ မရပေဘူးလား. . . (ရမှာပါ)၊ ဦးညိုပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့ သေသေချာချာဆရာသမားပြောတာကို ဂရုစိုက်ပြီး သကာလ ဩော်. . . ဟုတ်ပါကလား၊ ဒီခန္ဓာကိုအပြစ်မြင်မှ, ဒီခန္ဓာမုန်းမှ, ဒီခန္ဓာမလိုချင်မှသာလျှင် ဇာတိ၊ ဇရာ၊ မရဏ ရှာမှီးခြင်းအလုပ်က

လွတ်မှာပါကလား၊ တွေ့ရမည့်အလုပ်ဟာ လွတ်မှာပါက လား...(မှန်ပါ့ဘုရား)၊ ဆိုတာ ကောင်းကောင်းပေါ်လာ တယ်...(ပေါ်ပါတယ်ဘုရား)။

## ဝိပဿနာနဲ့ ကင်းလို့တော့မရပါ

ဒါဖြင့် ဝိပဿနာနဲ့ကင်းလို့...(မရပါ)၊ ဦးဘကြီး ဘယ့်နှယ်တုံး...ဝိပဿနာနဲ့ကင်းလို့တော့...(မရပါ)၊ မရ နိုင်တော့ ချမ်းသာလိုချင်တဲ့ပုဂ္ဂိုလ်ဟာ ဝိပဿနာ လုပ်ရ မယ်...(မှန်ပါ့ဘုရား)။

ချမ်းသာလိုချင်တဲ့ ပုဂ္ဂိုလ်ဟာ...(ဝိပဿနာလုပ်ရ ပါမယ်)၊ ချမ်းသာလိုချင်ရင် ဝိပဿနာလုပ်...(မှန်ပါ့)၊ သဘောကျပလား...(ကျပါပြီဘုရား)။

ဘာဖြစ်လို့တုံး၊ ဇာတိဒုက္ခဟာလည်း ဒုက္ခသစ္စာ ပဲ...(မှန်ပါ့)၊ မလိုချင်ပါဘူးဘုရား၊ အဇာတိဆိုတဲ့ ချမ်းသာ လိုချင်ပါတယ်ဆိုရင် ဝိပဿနာလုပ်...(မှန်ပါ့ဘုရား)။

ဇရာဆိုတာလည်း ဒုက္ခသစ္စာ၊ ဆင်းရဲတာပဲ၊ အဲဒီ ဇရာမရှိချင်ပါဘူးဆိုရင်လည်း ဘာလုပ်ရမလဲ... (ဝိပဿနာ လုပ်ရပါမယ် ဘုရား)။

ဗျာဓိအနာနှိပ်စက်တယ်ဆိုတော့ ခန္ဓာရှိ နှိပ်စက် နေတာပဲ...(မှန်ပါ့)၊ အနာရှိချင်ပါဘူးဆိုရင်လည်း ဘာလုပ်

ရမလဲ. . . (ဝိပဿနာလုပ်ရပါမယ်ဘုရား)။

ဟာ. . . အသေတွေ အလောင်းချင်းထပ်နေတာလည်း တပည့်တော်တို့ မဖြစ်ချင်ပါဘူးဆိုရင်. . . (ဝိပဿနာ လုပ်ရမှာပါဘုရား)၊ ဝိပဿနာလုပ်ရမယ်၊ ဒကာကြီးလို့ မလုပ်ရင်. . . (မဖြစ်ပါ)။

## စိတ္တာနုပဿနာ

ကဲ. . . ဒါဖြင့် သေချာတော့ ဝိပဿနာဆိုတာ စိတ္တာနုပဿနာကိုပြောတာ မောင်နိုင်. . . အခု ဘယ်နှရက်ရှိသွားပလဲ. . . (သုံးရက်ရှိသွားပြီ)၊ ဒီနေ့ပါဆို သုံးရက်ရှိသွားပြီနော်. . . (မှန်ပါ့ဘုရား)။

ဒါကလေးတော့ လုပ်ကြပါ။ စိတ္တာနုပဿနာ လုပ်ရင် ဝိညာဏက္ခန္ဓာပါပဲ၊ ဒီခန္ဓာကို သူ့ကိုအပြစ်မြင်အောင် ကြည့်ရလိမ့်မယ်. . . (မှန်ပါ့ဘုရား)။

## ကိုယ်ပေါ်မှာပေါ်တဲ့စိတ်

ဒါ့ကြောင့် ခဏ,ခဏပြောတယ်၊ ဒကာ,ဒကာမတို့ ခင်ဗျားတို့ ရှုစရာသည် မြင်စိတ်တစ်မျိုး၊ ကြားစိတ်. . . (တစ်မျိုးပါ)၊ နံစိတ်. . . (တစ်မျိုးပါ)၊ စားစိတ်. . . (တစ်မျိုးပါ)၊ ယားစိတ်၊ ယံစိတ်၊ ကောင်းစိတ်၊ နာစိတ်ကော. . . (တစ်မျိုး

ပါ)၊ အဲဒါက ကိုယ်ပေါ်မှာ ပေါ်တယ်နော်. . .(မှန်ပါ့ဘုရား)။

## ဝမ်းထဲမှာပေါ်တဲ့စိတ်

ဝမ်းထဲမှာ လောဘစိတ်ဆိုတာ ဝမ်းထဲပေါ်တယ်၊ ဒေါသစိတ်ကော. . .(ဝမ်းထဲပေါ်ပါတယ်)၊ မောဟဆိုတဲ့တရား . . .(ဝမ်းထဲပေါ်ပါတယ်)၊ အလောဘဆိုတဲ့ လှူချင်၊ ပေးချင်၊ ကမ်းချင်၊ တန်းချင်တာကော. . .(ဝမ်းထဲပေါ်ပါတယ်)၊ အဒေါသဆိုတဲ့ မေတ္တာတွေကော. . .(ဝမ်းထဲပေါ်ပါတယ်)၊ ပြီးတော့ကို လေထုတ်တဲ့ စိတ်ကလေးဟာကော. . .(ဝမ်းထဲပေါ်ပါတယ်)၊ လေပြန်ရှိုက်တဲ့ စိတ်ကလေးဟာကော. . . (ဝမ်းထဲပေါ်ပါတယ်ဘုရား)။

## လေထုတ်တဲ့စိတ်၊ လေသွင်းတဲ့စိတ်

အဲဒါတွေ အခု ပေါ်တိုင်း. . . ပေါ်တိုင်း. . . ဒကာ, ဒကာမတွေ အမြဲတမ်းရှုစရာက လေထုတ်စိတ်နဲ့ လေသွင်းစိတ်၊ ဒီစိတ်ကလေးကို ရှုရမယ်. . . (မှန်ပါ့)။

နောက်တော့ ဒါတွေ ရှုရင်းမတ္တနဲ့မြင်စိတ်ပေါ်လာလည်း မျက်လုံးထဲမှာ မြင်စိတ်ကလေးဟာလည်း ဖြစ်ပြီးပျက်တာပဲ အနိစ္စရှု. . .(မှန်ပါ့)၊ ကြားစိတ်ကလေးပေါ်လာရင်. . .(ကြားစိတ်ကလေး ဖြစ်ပျက်ရှုရပါမယ်)၊ ဟို. . . အငြ

တမ်းသူများမပေါ်ရင် ရှုရမှာသည် အိမ်သည်စိတ်ကိုရှု. . . (မှန်ပါ့ဘုရား)၊ တစ်ခါမြင်စိတ်ကလေး ပေါ်လာရင် မြင်စိတ်ဖြစ်ပျက်ရှု၊ မြင်စိတ်ကလေး မရှိပြန်ဘူးဆိုရင် အိမ်သည်နှစ်ခုပြန်ကောက်. . . (မှန်ပါ့ဘုရား)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ကဲ. . . ယားစိတ်၊ ယံစိတ်ကလေး ပေါ်လာပြန်ရင်ကော မောင်နိုင် ဘာလုပ်ရမလဲ. . . (ဖြစ်ပျက်ရှုရပါမယ်)၊ သူကပြီးတော့ ဘယ်သွားရှုရမလဲ. . . (အိမ်သည်ပြန်ရှုရပါမယ်)၊ အိမ်သည်ပြန်ရှုရမယ်. . . (မှန်ပါ့)၊ အိမ်သည်ဆိုတာက အမြဲသက်စောင့်နေတယ်. . . (မှန်ပါ့ဘုရား)၊ ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)၊ ထွက်စိတ်၊ ဝင်စိတ်ကို ပြန်ရှုရမယ် . . . (မှန်ပါ့)။

## ရုပ်များလာတော့ မုန်းတယ်

ကဲ. . . ဒီလိုရှုလိုက်တဲ့အခါကျတော့ မိမိခန္ဓာကြီး၏ဖြစ်ပျက်အနိစ္စမမြင်ဘူးလား. . . (မြင်ပါတယ်ဘုရား)၊ ဩော် . . . သူဟာ ဒီလိုအပြစ်မြင်နေတာကိုးဆိုတာ မလာပေဘူးလာ. . . (လာပါတယ်)၊ ခဏ,ခဏသေနေတဲ့ အမျိုးပါကလားဆိုတာ မသိဘူးလား. . . (သိပါတယ်ဘုရား)။

အဲဒီတော့ သူ့ဇာတိဆိုတဲ့ဖြစ်မှု၊ မရဏဆိုတဲ့သေမှု

ကြိုက်သေးရဲ့လား. . . (မကြိုက်တော့ပါဘုရား)။

ဒါဖြင့် ရှုဖန်များလာတော့ မုန်းတယ်. . . (မုန်းပါ တယ်)၊ ကြာလာတော့ မုန်းရုံမကဘူး၊ ဒီခန္ဓာကိုယ်ကြီးဖြင့် အခုဖြစ်ပျက်တွေကိုဖြင့် မလိုချင်ပါဘူးဆိုတာ မလာဘူး လား. . . (လာပါတယ်ဘုရား)။

## မလိုချင်တော့ ဖြစ်ပျက်တွေ ချုပ်ငြိမ်းသွားတယ်

မလိုချင်ပါဘူးဆိုတာ လာသည်နဲ့တစ်ပြိုင်နက်တည်း ဒကာ,ဒကာမတို့ ဖြစ်ပျက်တွေ ချုပ်ငြိမ်းသွားတယ်. . . (မှန် ပါ့)၊ ချုပ်ငြိမ်းသွားတော့ ခန္ဓာချုပ်ငြိမ်းတယ်. . . (မှန်ပါ့)။

ဇာတိ၊ ဇရာ၊ မရဏ ခန္ဓာကြီး ဘယ့်နှယ်နေသတုံး . . . (ချုပ်ငြိမ်းသွားပါတယ်)၊ ချုပ်ငြိမ်းသွားတဲ့ အခါကျတော့ ဇာတိ၊ ဇရာ၊ မရဏမရှိတဲ့ နိဗ္ဗာန်ဟာ ပေါ်မလာဘူးလား. . . (ပေါ်လာပါတယ်ဘုရား)။

## နိဗ္ဗာန်နဲ့ ဉာဏ်နဲ့သွားတွေ့တယ်

အဲဒီပေါ်လာတဲ့အခါကျတော့မှ နိဗ္ဗာန်နဲ့ ဉာဏ်နဲ့ သွားမတွေ့ဘူးလား. . . (တွေ့ပါတယ်ဘုရား)။

တွေ့တော့မှ ဩော်. . . လွတ်ပဟေ့. . . ကျွတ်ပဟေ့ . . . ရှာမှီးခြင်း အခုတည့်တယ်၊ မသေရာဆိုတာ ဒါပဲဟေ့

. . . ဆိုပြီး အဲဒီကျမှ ပြုံးပြီးတော့နေရမယ် . . . (မှန်ပါ့)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ကဲ . . . ယနေ့ ဒီတွင် တော်ကြဦးစို့ . . . ။

သာဓု . . . သာဓု . . . သာဓု